မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၇၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံ၏အဓိကလိုအပ်ချက်သည် စည်းလုံးညီညွတ်ရေးဖြစ်

ဒီနိုင်ငံရဲ့ အဓိကလိုအပ်ချက်ဟာ စည်းလုံးညီညွတ်ရေးဖြစ်တယ်။ စည်းလုံးညီညွတ်ရေးအတွက် မဏ္ဍိုင်ပြုရမယ့် အမျိုးသားရေးမူဝါဒကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးပဲဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂) နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

(၆၃) နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု
ဝါယာလက်-ရွှေနှင်းဆီ ကိုယ့်အားကိုယ်ကိုးလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၂၅

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပလရ–ပြည်တော်သာ–ပေါက်ကုန်းကျေးရွာချင်းဆက် ဝါယာလက်–ရွှေနှင်းဆီ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် မင်္ဂလာဒုံမြို့နယ် ပြန်လည်နေရာချထားရေး(ပလရ)ရပ်ကွက်ရှိ အဆိုပါလမ်းသစ်မင်္ဂလာမုခ်ဦးရှေ့၌ကျင်းပရာ ရှေးဦးစွာ မင်္ဂလာအချိန်တွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီနာယက ဦးခင်မောင်ဦးတို့က ဝါယာလက်–ရွှေနှင်းဆီ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို မင်္ဂလာရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဖွင့်ပွဲအခမ်းအနားမင်္ဂလာမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

လွှဲပြောင်းပေးအပ်

ထို့နောက် မင်္ဂလာဒုံမြို့နယ် ပလရ–ပြည်တော်သာ–ပေါက်ကုန်းကျေးရွာချင်းဆက် ဝါယာလက်–ရွှေနှင်းဆီ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ် *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၀၈ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာဂျူဒင်အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပလရ–ပြည်တော်သာ–ပေါက်ကုန်း ကျေးရွာချင်းဆက် ဝါယာလက်–ရွှေနှင်းဆီ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနား မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ဘင်္ဂလားဒေ့ရှ်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၀၈ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာ ဖာ့ခ်ရူဒင်အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လေဖိအားနည်းချိုင့်ဝှမ်းများကြောင့် မိုးရွာနိုင်

နေပြည်တော် မတ် ၂၅

ယနေ့နံနက်မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် မတ် ၂၆ ရက်)

သက်ရှိမျိုးဘဝ ရှင်သန်ရပ်တည်ရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်

ကမ္ဘာပေါ်ရှိ သတ္တဝါများသည် ရေ၊ မြေ၊ တော၊ တောင်၊ မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ပင်လယ် စသည့်သဘာဝပတ်ဝန်းကျင်ကို အမှီပြု၍ အသက်ရှင် ရပ်တည်နေကြရသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းပျက်စီးမှု မရှိစေရေး အလေးထားပြီး သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ ဇီဝစုံမျိုးစုံမျိုးကွဲများ လျော့နည်းပြုန်းတီးမှု မဖြစ်ပွားစေရေး စောင့်ရှောက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ၁၉၉၀ပြည့်နှစ်တွင် ဖွဲ့စည်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဖော်ဆောင်ခဲ့သည်။ သစ်တောများ အစဉ်ရှင်သန် ဖြစ်ထွန်းရေးအတွက် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေဧရိယာ စတုရန်းမိုင် ခြောက်သောင်းကျော်ကို ထိန်းသိမ်းကာကွယ်လျက်ရှိသည်။

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အပါအဝင် သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်း၊ ဘေးမဲ့တောများနှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ ထူထောင်ခြင်းစသည်တို့ကို လုပ်ဆောင်လာခဲ့ကြသည်။

နိုင်ငံတစ်ဝန်းရှိ ဘေးမဲ့တောများအနက် အင်းတော်ကြီးအိုင်တွင် ငါးနှင့်လိပ်မျိုးစိတ်ပေါင်း ၂၀၀ ကျော်၊ ငှက်မျိုးစိတ်ပေါင်း ၁၂၀ကျော်ရှိသည်။ ထို့ပြင် အင်းတော်ကြီးအိုင် အနီးတစ်ဝိုက်၌ ကျက်စားနေသော ရှားပါးတိရစ္ဆာန်အချို့ မျိုးမသုဉ်းရေးအတွက် အလေးထား စောင့်ရှောက်လျက်ရှိသည်။

သက်ရှိမျိုးဘဝ ရှင်သန်ရပ်တည်ရေးနှင့် ရေ၊ မြေ၊ သဘာဝ အရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းခြင်းသည် ဆက်စပ်လျက်ရှိရာ သစ်တောများ၊ ရှားပါးသော ကျေးငှက်နှင့်တိရစ္ဆာန်များအပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၃၈လမ်း (အောက်) တတိယအကြိမ် ဓမ္မပူဇာ

ရန်ကုန် မတ် ၂၅

ကျောက်တံတားမြို့နယ် ၃၈လမ်း (အောက်) ဗုဒ္ဓဝိဟာရဓမ္မာရုံ မိသားစုများ၏ တတိယအကြိမ် ဓမ္မပူဇာတရားပွဲကို မတ် ၂၈ရက် (သောကြာနေ့) ည၇နာရီတွင် အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ)၊ ၃၀ရက်(တနင်္ဂနွေနေ့) ည ၇နာရီတွင် အရှင်သီရိန္ဒာဘိဝံသ (တိပိဋကဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ)ယောဆရာတော်၊ ၃၁ရက် (တနင်္လာနေ့)ည၇နာရီတွင်ဒေါက်တာ အရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည် ဆရာတော်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အနောက်ဘက်စောင်းတန်းတော်ကြီး စတင် တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း စိန်ပန်းလမ်း အမှတ် ၈/၆၃ နေ ဖခင်ကြီး (ဦးကြီးဟန်)အား ရည်စူး၍ ဇနီး ဒေါ်မြင့်မြင့်၊ သမီး ဒေါ်မူမူညွန့်၊ ဦးထွန်းနီ၊ မြေး မောင်ထွဋ်နိုင် မိသားစုက မတည် အလှူငွေကျပ် သိန်း၂၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံယူစဉ်။ (က-ပ)

မြသိန်းတန်စာသင်တိုက် စာအောင်သံဃာဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၂၅

နှစ်စဉ် ကျင်းပမြဲ ဖြစ်သော ၁၃၆၈ခုနှစ် စာအောင်သံဃာတော်များ၏ ဂုဏ်ပြုပွဲ အခမ်းအနားကို မတ်၂၃ ရက် (တနင်္ဂနွေနေ့) နံနက်က မြသိန်းတန်ကျောင်းတိုက် ပုဇွန်တောင်မြို့နယ်၌ အောင်လက်မှတ်ဘွဲ့တံဆိပ် ဆက်ကပ်ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ)

(က-ပ)

မဟာဒုက်မဲနှင့် ဒုလ္လဘရဟန်းခံအလှူပွဲ

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် လှည်းတန်းဈေးမှ ဈေးသူ၊ ဈေးသားများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မဟာဒုက် ဘုရားမဲနှင့် ပိဋကတ်သုံးပုံ ဒုလ္လဘရဟန်းခံ ရှင်ပြု ဘုံအလှူတော်ကြီးကို (၄၂)ကြိမ်မြောက်အဖြစ် မတ် ၂၆ရက်တွင် အလှူမဏ္ဍပ်ဖွင့်လှစ်ပြီး အလှူပွဲကို အောက်ဖော်ပြပါ ရက်များအတိုင်း ကျင်းပသွားမည်ဖြစ်သည်။ ဧပြီ ၂ရက်နှင့် ၃ရက်ညများတွင် တရားပွဲများကို ညစဉ် ရနာရီမှ ၈နာရီအထိ ကျင်းပမည်ဖြစ်သည်။ ဧပြီ ၄ရက် နံနက် ၈နာရီမှစ၍ ပိဋကတ်သုံးပုံကို သိကြား၊ ဗြဟ္မာများခြံရံ၍ ရှင်လောင်းလှည့်လည်ပြီး ၄င်းနေ့ညတွင် ဟိန်းရာဇာဆိုင်းအဖွဲ့နှင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်သည်။ ဧပြီ ၅ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ ဒါယကာ၊ဒါယိကာမများနှင့် ဧည့်သည်များအား ဧည့်ခံကျွေးမွေး၍ မွန်းလွဲ ၂နာရီတွင် အလှူရေစက်ချတရားနာပြီး ကျောင်းတိုက်များသို့ ပိဋကတ်သုံးပုံ စာအုပ်များနှင့် ပဒေသာပင်များ ဆက်ကပ်လှူဒါန်းမည်။

ထို့နောက် မဟာဒုက်ဘုရား ခုနစ်ဆူအားမဲနှိုက်၍ ဘုရားမဲပေါက်သူများအား နေအိမ်များအရောက် လိုက်လံပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၆-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၂၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၃၀ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၄၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၁၅ ၁၂။ ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း-၃၃)
- ၆:၃၀ ၁၃။ **(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် သစ္စာမော်ကွန်း(ပထမပိုင်း)** သူထူးစံ၊ ပြေတီဦး၊ မင်းဟိဏ်း၊ သားညီ၊ မင်းသစ္စာ၊ သက်မွန်မြင့်၊ ချစ်စနိုးဦး ဒါရိုက်တာ- ညိုမင်းလွင်
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ လူရွှင်တော်ရွှေဖလား
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် သစ္စာမော်ကွန်း (ဇာတ်သိမ်း)** သူထူးစံ၊ ပြေတီဦး၊ မင်းဟိဏ်း၊ သားညီ၊ မင်းသစ္စာ၊ သက်မွန်မြင့်၊ ချစ်စနိုးဦး ဒါရိုက်တာ- ညိုမင်းလွင်

တိ=နိ အကျိုးတော်ဆောင် ဆရာတော်များ၏ ဓမ္မသဘင်

ရန်ကုန် မတ် ၂၅

ပဲခူးတိုင်း ဖြူးမြို့နယ် ဇီးဖြူခင် ကျေးရွာ ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တအာစရ၏ ဆန္ဒတော်အရ တရားပွဲများနှစ်စဉ်ကျင်းပပူဇော်နိုင်ရေး ရည်ရွယ်ချက်ဖြင့် တိ=နိ အကျိုးတော်ဆောင် နယ်လှည့်ဓမ္မကထိကဆရာတော်များဖြစ်တော်မူသော ဦးကုဏ္ဍလ (မကွေး) အရှေ့ဆင်တဲတိုက်၊ မန္တလေး ဦးတေဇောဘာသ(မအူပင်) အိမ်တော်ရာတိုက် ရန်ကုန်အရှင်မြတ်တို့သည် ဇီးဖြူခင်ကျေးရွာ မဟာလောကဟိတ မြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီး၌ မတ် ၂၆ရက်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူကြမည်ဟု သိရသည်။ (က-ပ)

ပြင်ဦးလွင်မြို့ ရွှေစေတီသာသနာ့ရိပ်သာ (၂၄) ကြိမ်မြောက် တစ်လအထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၅

ပြင်ဦးလွင်မြို့ မြမာလာရပ် ရွှေစေတီသာသနာ့ရိပ်သာကြီး၏ (၂၄)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာနှင့်ဝိပဿနာ တစ်လ အထူးတရားစခန်းပွဲကို ၁၃၆၉ခုနှစ် တန်ခူးလဆန်း ၄ရက် ဧပြီ ၉ရက် (ဗုဒ္ဓဟူးနေ့) တွင်ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်ကြမည့်ယောဂီများ၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ကြမည့်သူများသည် ဧပြီ၈ရက် (အင်္ဂါနေ့) ညနေ၄နာရီ အရောက်လာကြရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ပြင်ဦးလွင်မြို့ ရွှေစေတီသာသနာ့ရိပ်သာ ဖုန်း-၀၈၅-၂၉၀၁၉နှင့် ၀၉၂၀-၄၅၈၂၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) အထူးတရားစခန်းပွဲ

ရန်ကုန် မတ်၂၅

ရန်ကုန်တိုင်း သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှသွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်)သာသနာဓဇ ဓမ္မာစရိယ၊ဂဏဝါစကဓမ္မာစရိယသည် (တပေါင်းလပြည့်ကျော် ၇ရက်မှ၁၃ရက်) မတ်၂၈ရက်မှ ဧပြီ၃ရက်အထိ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် တလိုင်မီရွာ၌ လည်းကောင်း၊ (တန်ခူးလဆန်း၆ရက်မှ၁၂ရက်) ဧပြီ၁၁ရက်မှ ၁၇ရက်အထိ ရန်ကုန်တိုင်းထန်းတပင်မြို့နယ် မဲပလီရွာ အောင်သိဒ္ဓိကျောင်းအဖွဲ့ခွဲအမှတ်၃၀၂ သင်္ကြန်တရားစခန်းပွဲ၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ သင်္ကြန်တရားစခန်းပတ်အတွင်း ရဟန်းခံ၊ သီလရှင်ဝတ်လိုသူများအား ဦးအောင်မြင့်-ဒေါ်ထွေးကြည်တို့ကပရိက္ခရာများလှူဒါန်းမည်ဖြစ်ပါ၍ ဝတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

■ ရှေ့ဖုံးမှ

လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မင်္ဂလာဒုံမြို့နယ် ပြန်လည်နေရာချထားရေး (ပလရ)ရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်စိန်က စာရွက်စာတမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးရီထွန်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းက အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အရေးပါ

အဆိုပါ ဝါယာလက်-ရွှေနှင်းဆီကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်သည် လမ်းအရှည်ပေ ၃၉၆၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မဖြစ်ပြီး အမှတ်(၁)လမ်းမကြီးနှင့် အမှတ်(၃)လမ်းမကြီးကို ကန့်လန့်ဖြတ်ပေါင်းကူးဆက်သွယ်ပေးထားသည့် ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသောလမ်းဖြစ်သည်။

ယခင်က အောက်ခံမြေသား ဂဝံလမ်း ဖြစ်ပြီး ယခုကတ္တရာလမ်းအဖြစ် ဖောက်လုပ် အဆင့်မြှင့်တင်နိုင်ခဲ့၍ အဆိုပါ ကတ္တရာလမ်းသစ်မှ နေ့စဉ် ရပ်ကွက်နေပြည်သူ ၂၀၀၀ ကျော်နှင့် ယာဉ်အစီးရေ ၁၀၀ ကျော်တို့သည် အချိန်တိုကာလအတွင်း သက်သောင့်သက်သာ သွားလာနိုင်မည်ဖြစ်ပြီး ရပ်ကွက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ် လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၀၈ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ အစ်ဖ်တတ်ကာ အာမက် ချောင်ဒရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ညောင်တုန်းတာများ၏ အခြေအနေနှင့် မြေသားတာများ၊ ဆည်မြောင်းတာများကြံ့ခိုင်မှုအခြေအနေများ၊ ကျောက်စီတာရိုးများ တည်ဆောက် ထိန်းသိမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ကြံ့ခိုင်မှု

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက သက်ဆိုင်ရာ တာဝန်ရှိသူများအား မိုးရာသီကာလ တာများကြံ့ခိုင်မှုရှိအောင်ဆောင်ရွက်ရေး၊ မြစ်ရေပြန်လည်မတက်မီကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့၏ ရေဘေးကာကွယ်ရေးတာများ တည်ရှိမှုအခြေအနေ၊ ညောင်တုန်းတာကြံ့ခိုင်ရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

စစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် ညောင်တုန်းမြို့ ၁၁ လမ်းနှင့် ၁၂ လမ်းကြား၌ တည်ဆောက်ထားသည့် ကမ်းထိန်းကျောက်စီနံရံ ပြုလုပ်ထားမှုနှင့် ပန်းလှိုင်မြစ်၏ ရေလမ်းကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစိုးရပါဠိပထမပြန်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များအား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုတို့က ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းအေးနှင့် ဝန်ထမ်းမိသားစုတို့က ဒဂုံမြို့နယ် ကျောင်းတိုက်အသီးသီးမှ အစိုးရပါဠိ ပထမပြန်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မဟာဓမ္မရံသီအိမ်တော်ရာစေတီအနီးရှိ ဒဂုံပရိယတ္တိစာသင်တိုက် ရွှေဘုံသာသိမ်ကျောင်း၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒဂုံမြို့နယ် ဒဂုံပရိယတ္တိစာသင်တိုက်မှ တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ မာမကထံမှ ဦးဆောင်ညွှန်ကြားရေးမှူး ဇနီးနှင့် ဝန်ထမ်းမိသားစုများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော ပရိက္ခရာ ရှစ်ပါးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုက်အုပ်ဆရာတော်ထံမှ ဦးဆောင်ညွှန်ကြားရေးမှူး ဇနီးနှင့် ဝန်ထမ်းမိသားစုများက ရေစက်ချ အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းအေးနှင့် ဝန်ထမ်းမိသားစုတို့က ဒဂုံမြို့နယ် ကျောင်းတိုက်အသီးသီးမှ အစိုးရ ပါဠိပထမပြန် စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

သူရ ဦးသက်ဦးမောင်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် သူရ ဦးသက်ဦးမောင်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု သစ္စာမော်ကွန်းဇာတ်လမ်း ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၅

(၆၃)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် တင်အောင်စိုး (ပန်းမြို့တော်)၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာညိုမင်းလွင် ရိုက်ကူးသည့် “သစ္စာမော်ကွန်း” **ရုပ်မြင်သံကြားဇာတ်လမ်းကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ မတ် ၂၆ ရက်** (ယနေ့) **ညနေ ၆ နာရီခွဲနှင့် ည ၈ နာရီသတင်းအပြီးတို့တွင် အပိုင်းနှစ်ပိုင်းခွဲ၍ တစ်ပြိုင်တည်း ထုတ်လွှင့်ပြသမည်ဖြစ်သည်။**

“သစ္စာမော်ကွန်း” **ဇာတ်လမ်းသည် တက္ကသိုလ်ကျောင်းသားဘဝ နောက်ခံ စစ်ကားတစ်ကားဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တပ်မတော်သားများ၏ ရဲစွမ်းသတ္တိနှင့် စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုများဖြင့် ခြယ်မှုန်းထားပြီး တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ကာ ငြိမ်းချမ်းရေးရယူနိုင်မှုကို ပေါ်လွင်အောင်ဖော်ကျူးထားသည်။**

ယင်းဇာတ်လမ်းတွင် သူထူးစံ၊ မင်းဟိဏ်း၊ ပြေတီဦး၊ နန္ဒ၊ သားညီ၊ သက်မွန်မြင့်၊ ချစ်စနိုးဦးနှင့် ဇာတ်ပို့ဇာတ်ရန် သရုပ်ဆောင်များစွာအပြင် တပ်မတော်သားများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုအပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၂၅

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၃)တွင် “တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသည့် ကျောင်းသူ၊ ကျောင်းသားများ လုပ်ဆောင်သင့်သည့် လမ်းညွှန်ချက်များ ပါဝင်သည့် သုံးသပ်ဆောင်းပါး” နှင့်အတူ မြန်မာက မဲခေါင်ဒေသနိုင်ငံများနှင့် စီးပွားရေးအဟုန်မြှင့်မည်ဖြစ်ပြီး စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်၊ တစ်ကမ္ဘာလုံးရှိ စီးပွားရေး ကျောင်းသားများ ဖြေဆိုသည့် ABE စာမေးပွဲ မြန်မာကျောင်းသားနှစ်ဦး အမှတ်အများဆုံးဖြင့် အောင်မြင်၊ မန္တလေး FM အဆောက်အအုံ ဒီဇိုင်းရေးဆွဲပြီးစီး၊ ခြောက်လအတွင်း အပြီးဆောက်လုပ်မည်၊ ရန်ကုန်-မြိတ်-ကော့သောင်း ခရီးစဉ် ပုဂ္ဂလိကကုမ္ပဏီမှ ပထမဆုံးပြေးဆွဲ၊ တစ်ပတ်အတွင်း ကားဈေးကွက်အခြေအနေ၊ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်ပေးမည့် ခပေါင်းရေအားလျှပ်စစ်စက်ရုံဖွင့်၊ ဧရာဝတီတိုင်း မအူပင်မြို့၌ သဘာဝဓာတ်ငွေ့တွင်းသစ်ထပ်မံဖော်ထုတ်၊ အင်တာနက်ဆက်သွယ်မှုပြန်ကောင်းပြီ၊ ကမ်းရိုးတန်းနှင့် ပြည်နယ်သုံး လက်ကိုင်ဖုန်းသစ်များ ဝင်လာပြီ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ နွေကျောင်းပိတ်ရက်အကြောင်း စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာ နောက်ဆုံးစက်ရပ်သတင်းများဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကောင်းမြတ်ကျော်၏ “တရုတ်ခေါင်းဆောင်မှုအသစ်နှင့် နောက်ငါးနှစ်တာ စိန်ခေါ်မှုများ” နိုင်ငံရေးသုံးသပ်အပါအဝင်၊ ကမ္ဘာ့စီးပွားရေးနှင့်ပတ်သက်ပြီး တရုတ်ဝန်ကြီးချုပ် အလွန်ပူပန်နေ၊ ဂျပန်က ကာတွန်းသံတမန်ခန့်အပ်၊ ကွန်ပျူတာ ရှေ့ဆောင်တီထွင်သူ ဝီဇန်ဘမ် ကွယ်လွန်၊ အသက်(၈၃)နှစ် အဘိုးကြီးအရိုက်ခံရမှု၊ နှစ်ခြိုက်စွာ အိပ်မပျော်ခြင်းက အမျိုးသမီးများအတွက် အန္တရာယ်များ၊ မြင်ကွင်းကျယ် ထောက်လှမ်းရေးကင်မရာတီထွင်၊ လူဆိုးကြီးဖြစ်ချင်သူက အိမ်နီးချင်းကိုယ်ဝန်ဆောင် အမျိုးသမီးကို သေနတ်ဖြင့်ပစ်သတ်’ နိုင်ငံတကာမှုခင်းရေးရာ၊ ‘ပြောရဦးမယ် သူတို့က ဒီလိုတဲ့’ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍသစ်၊ အိမ်ကွင်းမှာ ရင်ပူစရာကြုံရမယ့် လီဗာပူးလ်တို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃၂) အားကစားသုံးသပ်စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု နှစ်ဆယ်ရာစုစာဆိုစစ်သည်များ စာအုပ်ထုတ်ဝေ

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံတွင် နှလုံးရည်နှင့် လက်ရုံးရည်ပြည့်ဝသော စာဆိုစစ်သည်များရှိခဲ့ပါသည်။ ကိုလိုနီနယ်ချဲ့လက်အောက် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကာလများမှသည် ယနေ့ မျက်မှောက်ခေတ်တိုင်အောင် တွေ့ကြုံခဲ့ကြသည့် ခေတ်သမိုင်းအဆက်ဆက်ကို စာပေ၊ လင်္ကာ၊ ကဗျာ၊ ဝတ္ထုအစုစုတို့ဖြင့် မှတ်တမ်းပြုစုခဲ့ကြသော တပ်မတော်သား စာရေးဆရာများကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ဆယ်ရာစု စာဆိုစစ်သည်များ စာအုပ်အဖြစ် စီစဉ်ထုတ်ဝေခဲ့သည်။ **(အပေါ်ပုံ)**

ဂုဏ်ပြု

အဆိုပါစာအုပ်တွင် တပ်မတော်သား စာရေးဆရာ ၁၀၈ ဦး၏ အတ္ထုပ္ပတ္တိနှင့် ၎င်းတို့ရေးသားပြုစုခဲ့ကြသော စာစုစာရင်းများအား စုစည်းဖော်ပြ၍ (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စီစဉ်ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

ဝယ်ယူနိုင်

၎င်းစာအုပ်ကို စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာပေနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် တစ်အုပ်လျှင် ကျပ် ၁၅၀၀ ဖြင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပါကစ္စတန်ဝန်ကြီးချုပ်အဖြစ် အတည်ပြုလိုက်သော ဂီလာနီ တရားသူကြီးများအားလုံး ပြန်လွှတ်ပေးမည်ဟု ပြောကြား

အစ္စလမ္မာဘတ် မတ် ၂၅

ပါကစ္စတန်ဝန်ကြီးချုပ်သစ် ဖြစ်လာသော ယူစွပ်ရာဇာဂီလာနီက ၄င်းအားပါလီမန်က ဝန်ကြီးချုပ်အဖြစ် အတည်ပြုခန့်အပ်လိုက်ပြီးနောက် မကြာမီအရေးပေါ်ဥပဒေအရ ဖမ်းဆီးထားသော တရားသူကြီးအားလုံးအား ပြန်လွှတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က နိုဝင်ဘာလ အတွင်း၌ တရားသူကြီး အချို့ကို အလုပ်မှ ဖြုတ်လိုက်ပြီး တရားသူကြီးချုပ်ချောင်ဒရီအား ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။



ပါကစ္စတန်ဝန်ကြီးချုပ်အဖြစ်ခန့် အပ် လိုက်သော ဂီလာနီ။
(အင်တာနက်ဓာတ်ပုံ)

မစ္စတာဂီလာနီသည် ရွေးကောက်ပွဲတွင် အနိုင်ရသော ပီပီပီ ပါတီမှ ရွေးချယ်တင်မြှောက်လိုက်သော ဝန်ကြီးချုပ်ဖြစ်သည်။

ပထမဆုံးအကြိမ်

ပီပီပီပါတီက အစိုးရကို ဦးဆောင်နိုင်ခြင်းမှာ ၁၂နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။

ရွေးချယ်တင်မြှောက်

မစ္စတာဂီလာနီအား ပါလီမန်က ဝန်ကြီးချုပ်အဖြစ် ၂၆၄မဲဖြင့် အတည်ပြု ရွေးချယ်တင်မြှောက်လိုက်သည်။

ပြောကြား

၄င်းသည် ဝန်ကြီးချုပ် အဖြစ် ရွေးချယ်ခံရပြီးနောက် အဓိက စကားနှစ်ခွန်းကို ပြောကြားသည်။

စစ်ဆေးပေး

ယင်းတို့မှာ ဖမ်းဆီးထားသော တရားသူကြီးများအားလုံးကို ပြန်လွှတ်ပေးရန်နှင့် ဘူတို လုပ်ကြံခံရမှုကို ကုလသမဂ္ဂက စစ်ဆေးပေးရန်တို့ဖြစ်သည်။ **(အင်တာနက်)**

ရုရှားသတင်းစာဆရာနှစ်ဦး အသတ်ခံရ

မော်စကို မတ် ၂၅

ရုရှားနိုင်ငံတွင် အသတ်ခံရသော ရုရှားသတင်းဆရာနှစ်ဦးအနက်တစ်ဦးမှာ ကြေးစားသတင်းအလုပ်ကို လုပ်ကိုင်ပေးခဲ့မိခြင်းကြောင့် အသတ်ခံရခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက မတ် ၂၂ရက်တွင် ပြောကြားခဲ့သည်ကို ရုရှားသတင်းဌာန ရီယာသတင်းအေဂျင်စီ၌ ကိုးကားဖော်ပြထားသည်။

အသတ်ခံ

အဆိုပါသတင်းထောက်နှစ်ဦးသည် ရုပ်မြင်သံကြား သတင်းထောက်များဖြစ်ကြပြီး ရုရှားတောင်ပိုင်း ဒါဂျက်စတန်ပြည်နယ်၌ မတ် ၂၁ရက်က သီးခြားစီအသတ်ခံခဲ့ကြရကြောင်း သတင်းတွင် ဖော်ပြသည်။

သေဆုံး

ရုရှားနိုင်ငံပိုင် ချန်နယ်တစ်မှ သတင်းထောက် ဆာပါဗက်သည် မော်စကိုမြို့၌ ဓားထိုးခံရပြီး သေဆုံးခဲ့သည်ဟု ဆိုသည်။ ဒါဂျက်စတန် ပြည်နယ်ပိုင် ရုပ်မြင်သံကြားသတင်းအရ အကြီးအကဲ ဂတ်ဇီအဘာရှီလော့ဗ်သည် ထိုနေ့၌ပင် ဒါဂျက်စတန်တွင် ၄င်း၏ ကားထဲ၌ သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်တွေ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆက်နွှယ်

အဘာရှီလော့ဗ်အား သတ်သည့် လူသတ်တရားခံသည် ၄င်း၏ ကြေးစားအလုပ်နှင့် ဆက်နွှယ်ပတ်သက်နေကြောင်း စုံစမ်းရေးမှူးများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယူကရိန်းနိုင်ငံ အနောက်မြောက်ပိုင်းဇိုင်တိုမီဒေသရှိဟိုဒိုလီယန်စီ ကျေးရွာတွင် အရပ်ရှစ်ပေငါးလက်မမြင့်သော ဂင်းနက်စ်စံချိန်တင် ကမ္ဘာ့အရပ်အရှည်ဆုံးအမျိုးသား လီယိုနစ်ဒ်က ၄င်းအတွက် စီမံပြုလုပ်ထားသော စက်ဘီးအားစီးနင်းနေသည်ကို မတ်၂၃ရက်ကတွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဆိုမာလီယာနိုင်ငံမြို့တော် မိုဂါဒစ်ရှူးတွင် ငါးတစ်ကောင်ကို ခေါင်းပေါ်၌ ရွက်လာသော အမျိုးသားတစ်ဦးကို မတ် ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီကွေဒေါနှင့် ကိုလံဘီယာတို့ ဆက်ဆံရေး ပိုမို တင်းမာလာနိုင်ဟု သမ္မတကော်ရီယာ သတိပေး

ကွီတို မတ် ၂၅

ကိုလံဘီယာတပ်များက မတ် ၁ရက်တွင် အီကွေဒေါနိုင်ငံရှိ သူပုန်စခန်းတစ်ခုအတွင်းသို့ ဝင်ရောက်ကာ အီကွေဒေါနိုင်ငံသားတစ်ဦးအား ပစ်သတ်ခဲ့ရာမှ ကိုလံဘီယာနှင့် သံတမန်ဆက်ဆံရေးတင်းမာလာခြင်းကို အီကွေဒေါသမ္မတ ရာဖေးလ်ကော်ရီယာက မတ် ၂၂ရက်တွင် သတိပေး ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံ အာကန်ဆပ်ပြည်နယ် ဘွန်နီဗီလီမြို့တွင် မတ် ၂၃ရက်က စည်သွတ်ဘူးစက်ရုံ မီးလောင်နေသည့်မြင်ကွင်း။
(အင်တာနက်ဓာတ်ပုံ)

အဆိုပါ အီကွေဒေါ နိုင်ငံသားအား သတ်သူကို ဖော်ထုတ်မပေးလျှင် ပြဿနာမှာ ပို၍ ကြီးထွားလာနိုင်ကြောင်း၊ ယင်းကိစ္စကို ခွင့်မလွှတ်နိုင်ကြောင်း ကော်ရီယာက ပြောကြားသည်။

ကိုလံဘီယာတပ်များက အီကွေဒေါ နိုင်ငံအတွင်းရှိကိုလံဘီယာပြောက်ကျားသူပုန်အဖွဲ့(ဖက်စ်)ကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် ကိုလံဘီယာနှင့် သံတမန်ဆက်သွယ်မှု ဖြတ်တောက်ထားကြောင်း၊ ကိုလံဘီယာတပ်များ မိမိတို့နိုင်ငံအတွင်း နယ်စပ်ဖြတ်ကျော်ဝင်ရောက်တိုက်ခိုက်ခြင်းသည် အချုပ်အခြာအာဏာကို ထိပါးစော်ကားခြင်းသာဖြစ်ကြောင်း အီကွေဒေါသမ္မတက ရေဒီယို အစီအစဉ်တစ်ရပ်တွင် ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ညစ်ညမ်းသော ဘုံပိုင်ရေကြောင့် လူ ၁၄၀ နီးပါး နာမကျန်းဖြစ်ရ

လော့အိန်ဂျလိစ် မတ် ၂၅

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် အလာမိုစကာမြို့၌ လူပေါင်း ၁၄၀ နီးပါး ဘုံပိုင်မှသံချေးများပါသော ရေသိုးရေပုပ်များကို သောက်မိရာမှ နာမကျန်းဖြစ်ခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက မတ်၂၃ရက်တွင် အတည်ပြု ပြောကြားသည်။

ကြေညာချက်

အဆိုပါဖျားနာသူများအနက်မှ ခုနစ်ဦးကို ဆေးရုံတင်ပို့ထားရသည်ဟု ဆိုသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး ကော်လိုရာဒို အုပ်ချုပ်ရေးမှူးဘီလ်ရစ်တာက အရေးပေါ်ကြေညာချက်တစ်ရပ် ကြေညာထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဝအမောပြေ

ပြုံးပြပါဆိုလို့ ....

စတိုးဆိုင်ကြီးတစ်ခု၌ အလုပ်စတင်ဝင်ရောက်မည့် အရောင်းဝန်ထမ်းတစ်ဦးအား ပိုင်ရှင်က မှာကြားလေသည်။

ပိုင်ရှင် ။ ။ ဝယ်သူလာရင်ဆက်ဆံရေးကောင်းရမယ်၊ မျက်နှာပြုံးနေရမယ်။

ဝန်ထမ်းသစ် ။ ။ ဟုတ်ကဲ့ပါ။

ဆိုင်ပိတ်ချိန် ရောက်သောအခါ...

ပိုင်ရှင် ။ ။ တစ်ပြားဖိုးမှလဲ မရောင်းရပါလား... ဝယ်သူတွေ မလာကြဘူးလား။

ဝန်ထမ်း ။ ။ ဝယ်သူတွေလာပါတယ်။ ဝယ်သူလာတိုင်း စကားမပြောဘဲ ပြုံးပြနေလို့ ဝယ်သူတွေ ထွက်သွားကြပါတယ်။.

ပိုင်ရှင် ။ ။"ဗျာ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၅-၃-၂၀၀၈

ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာ ဈေးနှုန်းများ အနည်းငယ် ပြန်တက်လာကြောင်း အမေရိကန်ငွေကြေး လုပ်ငန်းရှင်များက ပြောကြားသည်။

ကမ္ဘာ့ငွေကြေးဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ယန်းငွေ ၁၀၀ရှိလာပြီး ယူရိုငွေကြေးနှင့် ဖလှယ်ရာ၌ တစ်ယူရိုလျှင် အမေရိကန် ဒေါ်လာ ၁ဒသမ၅၃၈၂ဒေါ်လာ ရှိလာသည်။

ရုရှား၌ ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိ

ရုရှားနိုင်ငံ နာဇရန်မြို့လယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ နာဇရန်မြို့လယ် လမ်းမကြီး၌ ရဲတပ်ဖွဲ့မော်တော်ယာဉ် တစ်စီးမောင်းနှင်လာစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး ယခုကဲ့သို့ ဒဏ်ရာရရှိခဲ့ကြခြင်းဖြစ်သည်။

သံချပ်ကာ ယာဉ်အစီး၃၀ အင်ဒိုနီးရှား ဝယ်ယူမည်

အင်ဒိုနီးရှားနိုင်ငံက ယခုနှစ်အတွင်း သံချပ်ကာ ယာဉ်အစီး ၃၀ကို ဝယ်ယူမည်ဖြစ်ကြောင်း အင်ဒိုနီးရှားစစ်ဘက် အရာရှိများက ပြောကြားသည်။

ထို့အပြင် အင်ဒိုနီးရှားစစ်ဘက် အနေဖြင့် ၂၀၀၉ခုနှစ်၌ သံချပ်ကာ ယာဉ်အစီး ၁၅၀ကို ဝယ်ယူဖြည့်ဆည်း သွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

နျူကလီးယားပေးစက်ရုံ ဗီယက်နမ်၌ တည်ဆောက်မည်

ဗီယက်နမ်နိုင်ငံက ၂၀၁၀ပြည့်နှစ်၌ နျူကလီးယား စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တစ်ရုံကို စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ် စွမ်းအင်အရာရှိများက ပြောကြားသည်။

အဆိုပါစက်ရုံကို ဗီယက်နမ်နိုင်ငံ နန်သွမ်ပြည်နယ်တောင်ပိုင်း၌ တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၌ အပြီး တည်ဆောက်သွားမည် ဖြစ်သည်။

ထိုင်းတောင်ပိုင်း၌ ပစ်ခတ်ခံရ၍ ရွာသားတစ်ဦးသေဆုံး

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် လက်နက်ကိုင်တစ်ဦး၏ ပစ်ခတ်မှုကြောင့် ကျေးရွာကာကွယ်ရေးအဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ထိုင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်ခတ်ခံရပုံမှာ မော်တော်ဆိုင်ကယ်စီးနင်းလာသူတစ်ဦးက အနီးကပ်ပစ်ခတ် မောင်းနှင်ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အာဖဂန်တောင်ပိုင်း၌ တိုက်ပွဲများဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင်တာလီဘန် လက်နက်ကိုင်များနှင့် အပြန်အလှန်တိုက်ခိုက်မှုကြောင့်အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိသွားသော်လည်း တာလီဘန်လက်နက်ကိုင်၁၂ဦး သေဆုံးခဲ့ကြောင်း အာဖဂန်အရာရှိများကပြောကြားသည်။

ယူအေအီး နျူစွမ်းအင် ငြိမ်းချမ်းစွာ အသုံးပြုမည်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)အစိုးရအဖွဲ့က နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေး အစီအစဉ်အတွက် တရားဝင်ခွင့်ပြုလိုက်ပြီ ဖြစ်သည်။

ထို့ကြောင့်ယူအေအီးနိုင်ငံအနေဖြင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏မူဘောင်များအတွင်းက နျူကလီးယား စွမ်းအင်စက်ရုံတည်ဆောက်ရေး လုပ်ငန်းများကို မကြာမီ တပ်ဆင်သွားမည် ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ အူရူဂန် ပြည်နယ် ချိုရာခရိုင်၌ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တာလီဘန်တို့ သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေးတို့ ပြန်ပေးမည်မဟုတ်

ဂိုလန်ကုန်းမြင့်ဒေသနှင့်ပတ်သက်၍ဆီးရီးယားထံပြန်လွှဲပြောင်းပေးရေးဆိုင်ရာ စာချုပ်ကို လက်မှတ်ရေးထိုးမည်မဟုတ်ကြောင်း အစ္စရေးတို့က ပြောကြားလိုက်သည်။

ဂိုလန်ကုန်းမြင့်ဒေသကိုပြန်လည်လွှဲပြောင်းပေးလျှင် လက်ဘနွန်နိုင်ငံ တည်ငြိမ်မှုမရှိအောင် ဂိုလန်ကုန်းမြင့်ဒေသကို အခြေစိုက်ပြီး ပြုလုပ်နိုင်မည်ဟု ၎င်းတို့ကပြောကြားသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

➢ အမေရိကန်နိုင်ငံ အလာစကာပြည်နယ် ကမ်းလွန်၌ မတ် ၂၅ရက်က သင်္ဘောတစ်စင်း မုန်တိုင်းမိပြီးနစ်မြုပ်ခဲ့ရာ သင်္ဘောသားလေးဦး သေဆုံးခဲ့သည်။

■ **ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့၌ မတ်၂၅ရက်ကလေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦးစလုံး သေဆုံးခဲ့သည်။**

(အောက်ပုံ)



➢ တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌ မတ် ၂၅ရက်က နောက်တွဲယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ ၁၃ဦး သေဆုံးခဲ့သည်။

■ **အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျားဗားပြည်နယ်၌ မတ် ၂၅ရက်က မြေပြိုမှုကြောင့် တစ်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိခဲ့သည့် အပြင် နေအိမ်လေးလုံး ပျက်စီးခဲ့သည်။**

➢ မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဆိုနိုရာမြို့၌ မတ် ၂၅ရက်က အအေးလှိုင်း ကျရောက်ခဲ့ရာ ၂၂ဦးသေဆုံးခဲ့သည်။

■ **စပိန်နိုင်ငံ မက်ဒရစ်မြို့တောင်ပိုင်း မိုင် ၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ မတ် ၂၅ရက်က ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့ရာ နေအိမ်အများအပြား ဆီးနှင်းဖုံးလွှမ်းခဲ့သည်။**

➢ ပီရူးနိုင်ငံ လီမာမြို့ကမ်းလွန်၌ မတ်၂၅ရက်က ဝေလငါးကြီးတစ်ကောင် ဖမ်းမိခဲ့ရာ အဆိုပါဝေလငါးကြီးသည် အလေးချိန် ၁၈တန်ရှိကြောင်း သိရသည်။

ဘာဝဒဿန အမြင်

* *Sleep is better than medicine.*

အိပ်စက်အနားယူခြင်းသည် ဆေးဝါးသုံးစွဲခြင်းထက် ပိုမိုကောင်းမွန်သည်။

ဂျိုးဇက်ပရစ်စလေ (အတွေးအခေါ်ပညာရှင်)

* *Fools cannot hold their tongues.*

ပညာမဲ့သော လူရူးလူမိုက်များသည် ၎င်းတို့၏ နှုတ်များကို မစောင့်စည်းနိုင်ကြချေ။

ဂျော့ဖ်ဖရေးရှော်ဆာ (ကဗျာဆရာ)

တည်ငြိမ်လာသော ဘော့ဆွာနာသမ္မတနိုင်ငံ

သတင်းအက်ဆေး

ဘော့ဆွာနာသမ္မတနိုင်ငံသည် အာဖရိကတိုက် တောင်ဘက်ပိုင်းဒေသ၌ တည်ရှိသည်။ အာဖရိကတိုက်တွင် အတည်ငြိမ်ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပါတီစုံဒီမိုကရေစီကို ဆက်တိုက်ကျင့်သုံးရာ၌လည်း သက်တမ်းအရှည်ဆုံးဖြစ်သည်။ ဤနိုင်ငံ၌ အဂတိလိုက်စားမှု တော်တော်ကင်းပြီး လူ့အခွင့်အရေး မှတ်တမ်းကောင်းမွန်သည့် နိုင်ငံလည်းဖြစ်သည်။

ကမ္ဘာပေါ်တွင် စိန်အများဆုံးထွက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့်ပင် ရောင်းဝယ်ဖောက်ကားမှုကောင်းကာ ဝင်ငွေအလယ်အလတ် ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

ခြောက်သွေ့

အာဖရိကတိုက်၏ အကြီးမားဆုံးသော ကန္တာရဒေသများအနက် အချို့ကို ဘော့ဆွာနာနိုင်ငံက ကာကွယ်ပေးထားသည်။ ပူပြင်းခြောက်သွေ့သည့်အတွက် လူနေသိပ်သည်းမှု နည်းပါးသည်။ တောရိုင်းမြေတွင် အမဲလိုက်နေထိုင်ကြသည့် လူမျိုးတို့ရှိရာ ကလဟာရီသဲကန္တာရက နိုင်ငံပိုင်နက်နယ်မြေအများအပြားကို ဖုံးအုပ်ထားသည်။ ဒေသအများစုမှာ မွေးမြူရေးထက် စိုက်ပျိုးရေး ဦးစားပေးရန် မဖြစ်နိုင်လောက်အောင် မိုးနည်းခြောက်သွေ့သည်။

ဤနေရာ ဤဒေသသို့ ကွင်းဆင်းရှေ့ရှာဖွေသူ ဥရောပတိုက်သားများ ၁၈၆၇ခုနှစ်က ရောက်လာကြပြီး သတ္တုတူးဖော်မှုစခဲ့သည်။ ၁၈၈၅ခုနှစ်တွင် ဗြိတိသျှတို့က အထိန်းသိမ်းခံနိုင်ငံအဖြစ်ကြေညာပြီး ဘက်ချွာနာလင်းဟုအမည်ပေးလိုက်သည်။ ၁၉၅၀ပြည့်နှစ်တွင် ငွာတိုလူမျိုးစုခေါင်းဆောင် ဆီရက်ဆီခမာအား ဗြိတိသျှတို့က ပြည်နှင်ဒဏ်ပေးလိုက်သည်။

၁၉၅၉ခုနှစ်တွင် ကြေးနီသတ္တုတူးဖော်ရေး ပြုလုပ်သည်။ ဘက်ချွာနာလင်းပြည်သူ့ပါတီ(ဘီဒီပီ)ကို ၁၉၆၀ပြည့်နှစ်တွင် ထူထောင်ခဲ့သည်။ ထိုနှစ် ဒီဇင်ဘာတွင် ဘက်ချွာနာလင်းဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ဗြိတိန်က အတည်ပြုသည်။ အုပ်ချုပ်ရေးကောင်စီ၊ ဥပဒေပြုကောင်စီနှင့် အာဖရိကကောင်စီတို့ကို ဖွဲ့စည်းသည်။ ၁၉၆၁ခုနှစ်တွင် ဆီရက်ဆီခမာအား အုပ်ချုပ်ရေးကောင်စီတွင် ခန့်အပ်လိုက်သည်။ ၁၉၆၂ ခုနှစ်တွင် ဆီရက်ဆီခမာက ဘက်ချွာနာလင်း ဒီမိုကရက်တစ်ပါတီ(ဘီဒီပီ)ကို ထူထောင်သည်။ နောင်အခါတွင် ဘော့ဆွာနာဒီမိုကရက်တစ်ပါတီဖြစ်လာသည်။ ၁၉၆၅ ခုနှစ်တွင် ဂါဘိုရုန်းသည် အုပ်ချုပ်ရေးမြို့ဖြစ်လာသည်။ ၁၉၆၅ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဘီဒီပီပါတီအနိုင်ရပြီး ဆီရက်ဆီခမာ ဝန်ကြီးချုပ်ဖြစ်လာသည်။

ရွေးချယ်

၁၉၆၆ ခုနှစ်တွင် လွတ်လပ်ရေးရပြီး ဘက်ချွာနာလင်းနိုင်ငံလည်း ဘော့ဆွာနာသမ္မတနိုင်ငံဖြစ်လာပြီး ဆီရက်ဆီခမာလည်း ပထမဆုံးသမ္မတ ဖြစ်လာသည်။ ၁၉၆၇ ခုနှစ်တွင် အိုရာပါ၌ စိန်ရှာဖွေတွေ့ရှိသည်။ ၁၉၆၉ခု ဩဂုတ်လ အထွေထွေရွေးကောက်ပွဲ၌ ဘီဒီပီပါတီအနိုင်ရကာ ဆီရက်ဆီခမာကို နောက်ထပ်သမ္မတသက်တမ်းအတွက် ရွေးချယ်သည်။ ၁၉၇၇ ခုနှစ် မတ်လတွင် ဘော့ဆွာနာကာကွယ်ရေး တပ်မတော်ဖွဲ့စည်းသည်။၁၉၇၉ ခုနှစ် အောက်တိုဘာ အထွေထွေရွေးကောက်ပွဲ၌ ဘီဒီပီပါတီနိုင်ပြီး သမ္မတကို ထပ်မံရွေးချယ်ပေးသည်။ ၁၉၈၀ ပြည့်နှစ်တွင် သမ္မတဆီရက်ဆီခမာ ကွယ်လွန်သောအခါ ဒုတိယသမ္မတကွက်မဆိုင်းယားသမ္မတဖြစ်လာပြီး ၁၉၈၄ ခုနှစ် အထွေထွေရွေးကောက်ပွဲအပြီး သမ္မတအဖြစ်ထပ်မံရွေးချယ်ခံရသည်။ ၁၉၈၉ခုနှစ် အောက်တိုဘာအထွေထွေရွေးကောက်ပွဲ၌ ဘီဒီပီပါတီအများစုရကာ လွှတ်တော်က သမ္မတကွက်မဆိုင်းယားကို ထပ်မံရွေးချယ်သည်။ တစ်ဖန် ၁၉၉၄ ခုနှစ်တွင် ၎င်းအားထပ်မံရွေးချယ်သည်။

၁၉၉၅ ခုနှစ်တွင် အစိုးရကတောရိုင်းမြေတွင် အမဲလိုက်နေထိုင်ကြသည့် ထောင်ပေါင်းများစွာသော ပြည်သူတို့ကို ဗဟိုကလဟာရီ ဘေးမဲ့တောအပြင်ဘက်တွင် ရပ်ကွက်များ ထူထောင်အခြေချပေးသည်။

၁၉၉၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို အတည်ပြုသည်။ သမ္မတသက်တမ်းကို ငါးနှစ် နှစ်ကြိမ်ကန့်သတ်လိုက်သည်။ ၁၉၉၈ ခုနှစ်တွင် သမ္မတနုတ်ထွက်သောအခါ ဒုတိယသမ္မတ ဖက်တပ်မိုးဂေး သမ္မတဖြစ်လာသည်။ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တို့လျှင် ဖက်တပ်မိုးဂေးအား ထပ်မံရွေးချယ်လိုက်သည်။ ယခု ဒုတိယသက်တမ်းကုန်လျှင် ၂၀၀၉ခုနှစ်

အောက်တိုဘာ ရွေးကောက်ပွဲမတိုင်မီ ဒုတိယသမ္မတဆီရက်ဆီခမာ အီယန်ခမာထံ ရာထူးလွှဲအပ်ရမည်။ ဘီဒီပီပါတီသည် လွတ်လပ်ရေးရပြီးကတည်းက အာဏာရလာသည့်ပါတီဖြစ်သည်။ မစ္စတာခမာမှာ ဘော့ဆွာနာနိုင်ငံ ပထမ သမ္မတ ဆာဆီရက်ဆီခမာ၏သားဖြစ်သည်။

ကိုင်တွယ်

၁၉၆၆ခုနှစ်တွင် လွတ်လပ်ရေးရသည့် ဘော့ဆွာနာသမ္မတနိုင်ငံသည် ၁၉၇၀နှင့်၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက အိမ်နီးချင်းတောင်အာဖရိကနိုင်ငံမှ ဒုက္ခသည်များနှင့် အသားရောင်ခွဲခြားရေးဝါဒ တိုက်ဖျက်ရေး တက်ကြွလှုပ်ရှားသူများ လာရောက်ခိုလှုံရာ လောကနိဗ္ဗာန်ဖြစ်သည်။ သို့သော် ထိုကိစ္စကို သတိထားကိုင်တွယ်ရသည်။ အဘယ်ကြောင့်ဆိုသော် လူဖြူအုပ်ချုပ်သည့် တောင်အာဖရိကနိုင်ငံအပေါ် စီးပွားရေးအရ မှီခိုရခြင်းနှင့် တောင်အာဖရိကနိုင်ငံ၏ အင်အားကြီးမားမှုတို့ကြောင့်ဖြစ်သည်။

မကြာသေးမီကလည်း ဇင်ဘာဘွေနိုင်ငံ စီးပွားရေးအကျပ်အတည်းကြောင့် တရားမဝင်လာရောက်သူများ ဘော့ဆွာနာနိုင်ငံသို့ လိမ့်ဝင်လာခြင်းမှာလည်း ပြဿနာတစ်ရပ်ဖြစ်သည်။ ထို့ပြင်ကမ္ဘာပေါ်တွင်အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါဖြစ်မှုနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့သည်။ သို့သော်ယခုအခါ ခေတ်မီစွာ ကုသကာကွယ်ပေးနိုင်၍ ရောဂါသည်ဦးရေ ကျဆင်းသွားသော်လည်း အမြစ်မပြတ်သေး။ မိဘမဲ့ကလေးမြောက်မြားစွာ ကျန်ခဲ့ရုံမျှမက ဤနိုင်ငံ၏ ပြည်သူပျမ်းမျှ သက်တမ်းကို တိုစေခဲ့သည်။

နိုင်ငံစီးပွားရေးကိုစိန်ထွက်ရှိမှုအပေါ်အဓိက မှီခိုနေရခြင်းမှ အခြားသော နည်းလမ်းများရရှိရန် ကြိုးပမ်းလျက်ရှိသည်။ တောလည်ခရီး ဖန်တီးပေးနိုင်သဖြင့် ခရီးသွားလုပ်ငန်းသည် ဝင်ငွေများများ ရရှိနိုင်သည့် လုပ်ငန်းဖြစ်ကြောင်း သဘောပေါက်ကာ ဘော့ဆွာနာသမ္မတနိုင်ငံက ဦးတည်လျက်ရှိပါသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

မီးပေါ့ဆလျှင်...

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဖရွန်တီးရားပြည်နယ်တွင် မတ် ၂၄ရက်က မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် မိသားစုဝင်ခုနစ်ဦး သေဆုံးခဲ့သည်။

အခင်းဖြစ်ပွားမှုမှာ ကာလမ်မြို့၌ မိသားစုဝင်ခုနစ်ဦး နေထိုင်သော သစ်သားနေအိမ်တစ်လုံးတွင် မီးဖိုမှမီးလောင်ကျွမ်းမှုကြောင့် အဆိုပါနေအိမ်မှ မိသားစုဝင်အားလုံး သေဆုံးခဲ့သည်။ ဤဖြစ်ရပ်သည် မီးကို မတော်တဆ သုံးစွဲမှုကြောင့် မိသားစုဝင် ခုနစ်ဦးစလုံး သေဆုံးခဲ့ခြင်းဖြစ်ရသည်။

အရေးကြီးသော ပင်ဆယ်ဗေးနီးယားပြည်နယ်ရွေးကောက်ပွဲ ဟီလာရီနှင့်အိုဘားမားတို့ အကြိတ်အနယ်မဲဆွယ်ရဖွယ်ရှိ

ဝါရှင်တန် မတ် ၂၅

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရေးတွင် ဟီလာရီနှင့်အိုဘားမားတို့နှစ်ဦးမှာ အကြိတ်အနယ်ဖြစ်နေ၍ လာမည့်လများတွင်လည်း ဆက်လက်မဲဆွယ် စည်းရုံးရဦးမည်ဖြစ်ရာ အနားယူရန် လိုအပ်သည်အလျောက် အီစတာ တနင်္ဂနွေနေ့က နှစ်ဦးစလုံး မဲဆွယ်စည်းရုံးခြင်းမပြုဘဲ အနားယူကြသည်။

ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်းမှာမူ သူ၏ နိုင်ငံခြားရေး မူဝါဒသဘောထားကို အရောင်တင်ဖန်ပြရန်အတွက် ပြည်ပသို့ ခရီးထွက်ခဲ့ပြီးနောက် ပြန်ရောက်လာပြီ ဖြစ်သည်။

ရန်ပုံငွေစုဆောင်း

ရီပတ်ဘလီကင်ပါတီမှ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ခရီးထွက်ခြင်း၊ ရန်ပုံငွေစုဆောင်းခြင်းတို့ကို အာရုံစိုက် ဆောင်ရွက်နေစဉ် ပြီးခဲ့သည့် လကပင် ရန်ပုံငွေအလုံအလောက် ရရှိထားကြသည့် ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက် ဟီလာရီနှင့် အိုဘားမားတို့ နှစ်ဦးသည် နောက်တစ်ချီ ယှဉ်ပြိုင်ကြရမည့် ဧပြီ၂၂ရက် (အင်္ဂါနေ့)၌ ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲအတွက် ကွင်းဆင်းစည်းရုံးနေကြရသည်။

လွန်စွာအရေးကြီး

အိုဘားမားထက် ညီလာခံ ကိုယ်စားလှယ် အရေအတွက် မရသေးသူ ဟီလာရီမှာ ပင်ဆယ်ဗေးနီးယားအကြိုရွေးကောက်ပွဲတွင် လွန်စွာအရေးကြီးသည်။ ဤပြည်နယ်သည် ညီလာခံကိုယ်စားလှယ်များသည့် ပြည်နယ်ကြီးတစ်ခုဖြစ်သည်။

ကြေညာ

သမ္မတ ဘီလ်ကလင်တန် လက်ထက်က သံအမတ်ကြီးနှင့် စွမ်းအင်ဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူ နယူးမက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူး ဘီလ်ရစ်ချတ်ဆင်က သူ့အနေဖြင့် ဟီလာရီကလင်တန်နှင့် သမ္မတကြီး ဘီလ်ကလင်တန်တို့ကို လေးစားချစ်ခင်မှု မည်သည့်အခါမျှ မပျက်ကြောင်း ပြောကြားသော်လည်း မတ် ၂၁ရက်တွင် အိုဘားမားကို သူထောက်ခံကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။

ဟီလာရီနှင့် အိုဘားမားတို့၏ အကြိတ်အနယ် မဲဆွယ်စည်းရုံးမှုသည် အနည်းဆုံး ဇွန်လအထိ ဆက်မည့် လက္ခဏာရှိသည်။

အမ်အင်န်အေ၊ရိုက်တာ



ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်း

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဂျာမနီနိုင်ငံတစ်ဝန်း စစ်ဆန့်ကျင်ရေး ဆန္ဒပြ

ဘာလင် မတ် ၂၅

ထောင်ပေါင်းများစွာသော ငြိမ်းချမ်းရေး ချစ်မြတ်နိုးသူများက ဂျာမနီနိုင်ငံတစ်ဝန်း မတ်၂၂ရက်က စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြကြောင်း **(အောက်ပုံ)** ဂျာမန်သတင်းအေဂျင်စီဒီပီအေက ရေးသားဖော်ပြသည်။

စစ်ဆန့်ကျင်သူ

နှစ်(၅၀)ပြည့် အီစတာပွဲတော် အထိမ်းအမှတ်အဖြစ် ချီတက်လာသော စစ်ဆန့်ကျင်သူများက အီရတ်နှင့်အာဖဂန်နစ္စတန်၌ ဖြစ်ပွားနေသည့် စစ်ပွဲများ ချုပ်ငြိမ်းအဆုံးသတ်ရန် တောင်းဆိုဆန္ဒပြခဲ့ကြောင်း စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများကို ဦးဆောင်ဦးရွက်ပြုလုပ်သူ ဝီလ်လီဗန်အူယမ်းက ပြောကြားသည်။

နေရာအနှံ့

အာဖဂန်နစ္စတန်တွင် ဂျာမနီတပ်ဖွဲ့ဝင် ၃၅၀၀ဖြန့်ကြက်ချထားမှုကို ရည်ညွှန်းလျက် ဂျာမနီတပ်များ ပြည်ပ၌ ဖြန့်ကြက်ချထားမှု ထက်ဝက်လျှော့ချပေးပါဟူသော စာတန်းများကို မြူးနစ်မြို့ နေရာအနှံ့၌ ချိတ်ဆွဲထားသည်။

အဆိုပါစစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများကို မြူးနစ်၊ ဖရန့်ဖတ်၊ ဟန်နိုဗာ၊ ဝီရှာဒင်၊ အော့ခ်ဘတ်၊ စတုဂတ်နှင့်အာလန်ဂျင်မြို့များ၌ ကျင်းပခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်ရှိ ကန်တပ်များအတွက်ပို့သော ဆီတင်ယာဉ်တန်း ပါကစ္စတန် နယ်စပ်ဂိတ်၌ ဖောက်ခွဲတိုက်ခိုက်ခံရ

ကဘူးလ် မတ် ၂၅

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်များအတွက်ပေးပို့သော လောင်စာဆီကား၄၀ခန့် ပါကစ္စတန်နယ်စပ်၌ မတ် ၂၃ရက်တွင် တာလီဘန်လိုလားသော စစ်သွေးကြွများက လမ်းမှဖြတ်၍ ဖျက်ဆီးတိုက်ခိုက်ခဲ့သည်။

ယင်းတိုက်ခိုက်မှုသည် ပါကစ္စတန်နယ်စပ်ဖြတ်ကျော်ဂိတ်၌ ဖြစ်ပွားခဲ့ရာ အနီးဝန်းကျင်ရှိ လူပေါင်း ၇၀ ခန့် ဒဏ်ရာရရှိသွားသည်။

ပေါက်ကွဲသံ

အာဖဂန်နစ္စတန်ရှိ နိုင်ငံခြားတပ်ဖွဲ့များသည် ပါကစ္စတန်နိုင်ငံမှ စက်သုံးဆီ၊ လောင်စာဆီအများအပြား ရယူနေကြရသည်။ အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ ထံသို့ ထောက်ပံ့ပေးပို့ရန် ပါကစ္စတန်နယ်စပ်ဖြတ်ကျော်ဂိတ်၌ တန်းစီစောင့်ဆိုင်းနေသော ဆီတင်ယာဉ် ၁၀၀ ကျော် ဂိတ်ထိုးထားရာနေရာမှ ပေါက်ကွဲသံကြီးနှစ်ကြိမ် ကြားလိုက်ရကြောင်း ဒေသခံများက ပြောကြားသည်။

ထွက်ပြေး

ယင်းဖောက်ခွဲတိုက်ခိုက်မှုကြီးမှာ မတ် ၂၃ရက် ဒေသစံတော်ချိန် ၂၀း၀၀ နာရီက ဖြစ်ပွားခဲ့ကြောင်း၊ ယာဉ်မောင်းမှာ ထွက်ပြေး လွတ်မြောက်သွားပြီး လူ၇၀ခန့် ဒဏ်ရာများ ရရှိသွား၍ နီးစပ်ရာ ဆေးရုံများသို့ တင်ပို့ထားရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပျက်စီး

၎င်းတိုက်ခိုက်မှုကြောင့် အနီးဝန်းကျင်ရှိ ဆိုင်ပေါင်း ၅၀လည်း ပျက်စီးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

လောင်စာဆီကား ဖောက်ခွဲတိုက်ခိုက်

အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်များသို့ ပေးပို့သည့် လောင်စာဆီကားများ ပါကစ္စတန်နယ်စပ်၌ ဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားသည်ကို မတ်၂၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်ကိုကျူးကျော်တိုက်ခိုက်ပြီး ငါးနှစ်အကြာ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှု ၄၀၀၀ပြည့်မြောက်

ဘဂ္ဂဒက် မတ် ၂၅

အမေရိကန်ဦးဆောင်သော တပ်များသည် အီရတ်နိုင်ငံအား လွန်ခဲ့သောငါးနှစ်က ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၀၀၀အထိ ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြသည်။

လမ်းဘေးဗုံး

အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ဘဂ္ဂဒက်တောင်ပိုင်း၌ မတ်၂၃ရက်က မော်တော်ယာဉ်ဖြင့် ကင်းလှည့်ထွက်ခွာလာစဉ် လမ်းဘေးဗုံးထိပြီး သေဆုံးခဲ့သည်။ ယင်းတပ်ဖွဲ့ဝင်များ သေဆုံးပြီးနောက် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၄၀၀၀ပြည့်မြောက်သွားပြီ ဖြစ်သည်။

အကြမ်းဖက်မှု

ထိုနေ့က အီရတ်နိုင်ငံ တစ်ဝန်း အကြမ်းဖက်မှုများ၊ စစ်ဆင်ရေးတိုက်ပွဲများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၄၇ဦး သေဆုံးခဲ့ရသည်။

အမေရိကန်တို့က အီရတ်နိုင်ငံတွင် ဖွန်လမှစပြီး အကြမ်းဖက်မှုများ လျှော့ချနိုင်ရန် တပ်ဖွဲ့ဝင်အင်အား ၃၀၀၀၀ ထပ်မံတိုးမြှင့်ဖြန့်ကြက် ချထားခဲ့သော်လည်း သွေးထွက်သံယိုမှုများ တစ်နေ့တခြား တိုးပွားလာလျက်ရှိသည်။

အဓိကတိုက်ပွဲ

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်တွင် အဓိကတိုက်ပွဲကြီး ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ၏ သေဆုံးမှုမှာ ၉၇ရာခိုင်နှုန်းရှိကြောင်း အေပီသတင်းဌာနက ကိုးကား ဖော်ပြသည်။

(အင်တာနက်)

မက္ကဆီကိုမြောက်ပိုင်း၌ တောမီးလောင်

မက္ကဆီကိုစီးတီး မတ် ၂၅

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း နူအီဗိုလီယွန်ပြည်နယ် ဆန်တီယာဂိုမြို့တွင် တောမီး အကြီးအကျယ် လောင်ကျွမ်းလျက်ရှိရာ သက်ဆိုင်ရာ အာဏာပိုင်များက မီးငြိမ်းသတ်လျက်ရှိကြောင်း၊ ထိုသို့ ငြိမ်းသတ်ရာတွင် ရဟတ်ယာဉ်ရှစ်စင်းကို အသုံးပြုခဲ့ပြီး မီးတားတံတိုင်းများ ပြုလုပ်ရန်အတွက် မြေသယ်ယာဉ်များကို အသုံးပြုခဲ့ရကြောင်း အမျိုးသား မီးသတ်ဗဟိုဌာနက မတ် ၂၃ရက်တွင် ပြောကြားခဲ့သည်။

မီးတားကိရိယာ

ယင်းပြည်နယ် မြို့ပြကာကွယ်ရေး အာဏာပိုင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အိမ်နီးချင်း ပြည်နယ်များဖြစ်သည့် ကိုအာဟူအီလာနှင့် ဆန်လူဝစ်ပြည်နယ်များမှ ပိုင်ဆိုင်သော အဆိုပါ ရဟတ်ယာဉ်များသည် ရေများဖျန်း၊ ဓာတုဗေဒ မီးတားကိရိယာများဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ယနေ့အထိ အသေအပျောက် စာရင်း မရရှိသေးကြောင်း မီးသတ်ဗဟိုက ပြောကြားသည်။

ကူးစက်လောင်ကျွမ်း

အဆိုပါ တောမီးသည် မြေဟက်တာပေါင်း ၃၆၀၀ကို ကူးစက်လောင်ကျွမ်းခဲ့ရာ ဟက်တာ၃၀၆၀မှာ မြေရိုင်းများနှင့် တောချုံပုတ်များဖြစ်ပြီး ဟက်တာ ၅၄၀မှာ ထင်းရှူးများနှင့် ဝက်သစ်ချပင်များဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

သံလွင်တံတား(မော်လမြိုင်)

မွန်ပြည်နယ် မော်လမြိုင်မြို့၌ သံလွင်မြစ်ကိုဖြတ်၍ တည်ဆောက်ထားသော မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံး တံတားကြီးဖြစ်သည့် သံလွင်တံတား(မော်လမြိုင်)။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့သို့ လေကြောင်းခရီးဖြင့် လွယ်ကူချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ရန် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် တာချီလိတ်လေဆိပ်အဆောက်အအုံသစ်၏ ထည်ဝါခံ့ညားမှုမြင်ကွင်း ...။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု

မံဆောင်းတံတား

တိုင်းရင်းသား ပြည်သူများ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာမှု အဆင်ပြေစေရန်အတွက် ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်-ရိဒ်ရေကန်လမ်းပေါ်ရှိ မဏိပူရမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် အရှည်ပေ၄၆၀ရှိ သံကူကွန်ကရစ်အမျိုးအစား မံဆောင်းတံတားကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဒွန်ဘန်တံတား

တိုင်းရင်းသား ပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူပြီး ကုန်စည်ကူးသန်းမှု လျင်မြန်စေရန်အတွက် ကရင်ပြည်နယ် ဖားကန့်မြို့နယ်၌ တည်ဆောက်ပေးထားသည့် ဒွန်ဘန်တံတားကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	**ရထားပို့ဆောင်ရေး**			
	-ရထားလမ်းခရီးမိုင်	၁၉၇၆.၃၅	၃၁၄၈.၈၆	၁၁၇၂.၅၁
	-ရထားသံလမ်းမိုင်	၂၇၉၃.၈၆	၄၂၃၀.၄၀	၁၄၃၆.၅၄
	-ဘူတာရုံ	၄၈၇	၈၀၆	၃၁၉
	-ရထားလမ်းတံတား(အကြီး)	၅၄၇	၇၃၅	၁၈၈
	-ရထားလမ်းတံတား(အသေး)	၅၁၀၃	၉၃၄၇	၄၂၄၄
၂	**လေကြောင်းပို့ဆောင်ရေး**			
	-ပြေးလမ်းပေ(၅၀၀၀)အထက်လေယာဉ်ကွင်း	၂၁	၃၈	၁၇
၃	**ရေကြောင်းပို့ဆောင်ရေး**			
	-ဆိပ်ခံတံတား(ပြည်တွင်းသင်္ဘော)	၈၆	၁၀၇	၂၁
	-ဆိပ်ခံတံတား(နိုင်ငံခြားသင်္ဘော)	၁၃	၂၉	၁၆
၄	**ကားလမ်းမကြီးများတိုးချဲ့ဖောက်လုပ်မှု**	၁၃၆၃၅/၀	၁၉၀၂၀/၆	၅၃၈၅/၆
၅	**တံတားများတိုးချဲ့တည်ဆောက်မှု**			
	- ပြည်သူ့ဆောက်လုပ်ရေး			
	- ပေ ၁၈၀ အထက်တံတား တည်ဆောက်ပြီး	၁၉၈	၄၀၇	၂၀၉
	- တည်ဆောက်ဆဲတံတား	-	၂၄	၂၄
	- ပေ ၁၈၀ အောက်တံတား	၃၃၀၅	၅၃၇၉	၂၀၇၄
	-မြန်မာ့မီးရထား(ပေ၁၈၀အထက်)	-	၈	၈
	-တပ်မတော်အင်ဂျင်နီယာ(ပေ၁၈၀အထက်)	-	၁၁	၁၁
	-လျှပ်စစ်စွမ်းအား(ပေ၁၈၀အထက်)	-	၂	၂

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

(ခိုင်မျိုးစစ်)

လူမျိုးတစ်မျိုး သို့မဟုတ် လူမျိုးတစ်မျိုးထက်ပိုပြီး စုစည်းနေထိုင်ကြကာ နိုင်ငံအဖြစ်တည်ထောင်မိကြသည်နှင့် မိမိတို့နိုင်ငံ၊ မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများကို တခြားတစ်ပါးမှ ကျူးကျော်တိုက်ခိုက်ခြင်းမခံရရန်၊ လုံခြုံအေးချမ်းရန် ကာကွယ်ပေးမည့် လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းထားကြရသည်။ စစ်တပ်ဟုခေါ်ခေါ်၊ တပ်မတော်ဟုခေါ်ခေါ် နိုင်ငံကို ကာကွယ်စောင့်ရှောက်ပေးသည့် လက်နက်ကိုင်တပ်များသည် ခေတ်ကာလအလိုက်၊ ဒေသအလိုက် ပုံစံအမျိုးမျိုးဖြင့် ရှိနေခဲ့ကြသည်။

တုတ်၊ ဓား၊ လှံ၊ လေးမြားခေတ်ကလည်း နိုင်ငံကိုကာကွယ်သော တပ်မတော်၊ တစ်လုံးထိုးသေနတ်၊ တူမီးသေနတ်ခေတ်ကလည်း ကာကွယ်ရေးတပ်မတော်၊ မောင်းပြန်ရိုင်ဖယ်၊ စက်သေနတ်၊ အမြောက်ခေတ်တွင်လည်း တပ်မတော်၊ ယခုကဲ့သို့ သူ့ထက်ငါ အဆင့်မြင့်၊ အစွမ်းထက်သော လက်နက်များခေတ်တွင်လည်း ခေတ်မီ၊ ခေတ်သစ် တပ်မတော်များ နိုင်ငံတိုင်းတွင် ရှိကြသည်။

စစ်တပ်များကို သရုပ်ခွဲကြည့်လျှင် အမျိုးသားကာကွယ်ရေး တပ်မတော်က အများစုဖြစ်သည်။ ငွေကြေးအသပြာ၊ တံစိုးလက်ဆောင်၊ အဖိုးအခပေးငှားတိုင်း လိုက်တိုက်ပေးသော ကြေးစားစစ်တပ်များလည်း ရှိ၏။ ယင်းကြေးစား(အငှားလိုက်)စစ်တပ်များအတွက် ကြေးစားစစ်သား အလိုရှိကြောင်း စာနယ်ဇင်းများ၌ ကြော်ငြာသည်ကို ကျွန်ုပ်တို့ မကြာခဏ သတိပြုမိ၊ ဖတ်မိခဲ့ရ၏။ ထိုကြေးစားစစ်တပ်များသည် မိမိအမိမြေကို ကာကွယ်ပေးရန်မဟုတ်ဘဲ ငွေကြေးအဖိုးအခ ပေးငှားသူများ၊ လက်ညှိုးထိုးပြသူများ၊ အထူးသဖြင့် ကြေးစားတပ် တည်ထောင်သူများ၊ ပစ်မှတ်ထားခံရသည့်နိုင်ငံများကို ဝင်တိုက်ပေးရခြင်း ဖြစ်သည်။

ခါးပိုက်ဆောင်တပ်ဟူ၍လည်း ရှိပြန်သေး၏။ ပါတီတစ်ခု၊ အာဏာရ နိုင်ငံရေးအဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် အတွက်သာလျှင် လက်နက်ကို အသုံးချတိုက်ခိုက်ပေးသော တပ်ဖွဲ့မျိုး ဖြစ်သည်။ ခါးပိုက်ဆောင် တပ်သည် နိုင်ငံနှင့်လူမျိုးကို ကာကွယ်မပေးသည့်အပြင် လက်ညှိုးညွှန်ပြီး ခိုင်းလျှင် အများပြည်သူကိုပင် အကြမ်းဖက် တိုက်ခိုက်ပေးတတ်သည်။ ကြေးစားတပ်များနှင့် မကွာခြားလှပေ။

လက်နက်၊လူသူ(စစ်)အင်အားများပြားပြီး မသမာလောဘစိတ်မွန်ထူနေသော နိုင်ငံကြီးအချို့သည် အမျိုးသားကာကွယ်ရေးတပ်မတော်မျိုးထက် သူများနိုင်ငံကို ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ကာ နယ်ချဲ့အဆီစုပ်၊ ကုပ်သွေးစုပ် အမြတ်ထုတ်ကြသော နယ်ချဲ့စစ်တပ်များအဖြစ် ဖွဲ့စည်းအသုံးပြုလျက်ရှိကြသည်။ ရှေးက နေမဝင်အင်ပါယာခေါ် ကမ္ဘာ့နိုင်ငံ အမြောက်အမြားကို ကျူးကျော်သိမ်းပိုက် ကုပ်သွေးစုပ်သော နယ်ချဲ့လက်နက်နိုင်ငံကြီးများ တည်ထောင်ခဲ့ကြသည်။ ယနေ့တိုင်လည်း ထိုနယ်ချဲ့စစ်တပ်များသည် နိုင်ငံခြောက်ဆယ်ခန့်ကို စိုးမိုးသိမ်းပိုက်ထားကြဆဲ ဖြစ်သည်။ သိမ်းပိုက်ခံနိုင်ငံအများစုမှာ အမျိုးသားခုခံအား နည်းပါးလှသော ပစိဖိတ်သမုဒ္ဒရာတွင်းမှ ကျွန်းနိုင်ငံငယ်များ၊ အတ္တလန္တိတ် သမုဒ္ဒရာတွင်းမှ ကျွန်းနိုင်ငံများဖြစ်သည်။

နယ်ချဲ့ရာ၌ အကြမ်းဖက်နည်း၊ ရက်စက်ကြမ်းကြုတ်နည်း အသုံးပြုသော(ဒုတိယကမ္ဘာစစ်ကို ဖန်တီးခဲ့သော) ဖက်ဆစ်ဝင်ရိုးတန်းနိုင်ငံများမှ ဖက်ဆစ်တပ်များကြောင့် ကမ္ဘာ့ပြည်သူ သန်း၆၀ကျော် မရှုမလှသေဆုံးခဲ့ရသည်။ လက်နက်ကို ဆန်းသည်ထက်ဆန်းအောင် တီထွင်လာကြရင်း အဏုမြူ၊ ဟိုက်ဒရိုဂျင်၊ နျူကလီးယားဗုံး၊ နျူကလီးယားထိပ်ဖူးတပ် ဒုံးပျံလက်နက်၊ ဓာတုအဆိပ်လက်နက်၊ ရောဂါပိုးမွှားများဖြင့် ပြုလုပ်သည့် ဇီဝလက်နက်များကို သုံးလာကြသည်။ ဒုတိယကမ္ဘာစစ် နှောင်းပိုင်းကာလ ဂျပန်တပ်များ လက်နက်ချရန်ဟုဆိုကာ ၁၉၄၅ခုနှစ် ဩဂုတ်လတွင် ဂျပန်နိုင်ငံ အရပ်ဘက်မြို့နှစ်မြို့ဖြစ်သည့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များအပေါ် အဏုမြူဗုံးနှစ်လုံးကြဲချခဲ့ရာ အရပ်သား သုံးလေးသိန်း မရှုမလှ သေဆုံးခဲ့ရသည်။

လက်နက်ဟူသည် ကာကွယ်ရေးလက်နက်မျိုးသာ ဖြစ်သင့်ပါလျက် လူအစုအပြုံလိုက်သေစေသည့် ငရဲလက်နက်မျိုးအထိ အပြိုင်တီထွင်ထုတ်လုပ်စုဆောင်း ပြိုင်ဆိုင်လာကြသည့်အတွက် ကမ္ဘာကြီး ငြိမ်းချမ်းသာယာစေလိုသော ကမ္ဘာ့ပြည်သူများမှာ နျူကလီးယားဗုံးကို ဖင်ခုထိုင်ရသည်နှင့် တူလာနေပေသည်။

မြန်မာတို့တွင် ရှေးမင်းဆက်တိုင်း၌ တပ်မတော်များ ဖွဲ့စည်းတည်ထောင်ထားခဲ့ကြသည်။ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ အမျိုးသားရေး ခံယူချက်၊ မျိုးချစ် ပြည်ချစ်စိတ်ဓာတ်တို့ကြောင့် သူရသတ္တိပြည့်စုံသော မြန်မာစစ်တပ်များ ခေတ်အဆက်ဆက်တွင် ရှိခဲ့သည်။ ပြည်ပက နယ်ချဲ့ကျူးကျော်မှုကို မြန်မာတို့ ခုခံတိုက်ထုတ်သော သမိုင်းအစဉ်အလာလည်း ကြီးမားခဲ့သည်။ အနောက်နယ်ချဲ့နိုင်ငံများတွင် စွမ်းအားမြင့် လက်နက်ဆန်းများ တီထွင်ထုတ်လုပ်နေချိန် မြန်မာဘုရင်တို့၏ တပ်မတော်များသည် စစ်နှလုံးရည်၊ စစ်စွမ်းရည်၊ သူရသတ္တိစွမ်းရည်၊ စစ်သေနင်္ဗျူဟာစွမ်းရည်များ ထက်မြက်ခဲ့သော်လည်း လက်နက်စွမ်းရည်၌ အားနည်းခဲ့သည်။ ထို့ကြောင့်ပင် ပင်လယ်ဓားပြများဟုတွင်သော အနောက်နယ်ချဲ့တပ်များနှင့် တိုက်ရာတွင် လက်နက်စွမ်းရည်၌ အရေးနိမ့်ခဲ့သည်။ သို့တိုင် ရွှေတိဂုံစေတီတော် မြောက်ဘက်ခြေတော်ရင်းမှ ရေကန်သည် နယ်ချဲ့သမားတို့၏သွေးများကို ဆေးချခဲ့သည့် မြန်မာဓားများ၏ အစွမ်းကို ဂုဏ်တင်ကာ သွေးဆေးကန်ဟု တွင်ခဲ့သည်။

၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ခုနှစ်များတွင် ဖြစ်ပွားသော နယ်ချဲ့တပ်များ၏ ကျူးကျော်မှုကို သူ့ကျွန်မခံ တွန်းလှန် တိုက်ခိုက်ခဲ့သော မြန်မာတိုင်းရင်းသားစုံတို့၏ သူရသတ္တိနှင့်တိုက်စွမ်းရည်ကို နယ်ချဲ့သမားများကပင် အံ့သြတုန်လှုပ်ခဲ့ရသည်။ ယင်းတို့၏မှတ်တမ်းများ၌ ချီးကျူးဝန်ခံ ရေးသားခဲ့ကြသည်။

မြန်မာတို့သည် လွတ်လပ်ရေးရရှိအောင်၊ နယ်ချဲ့များ၊ ဖက်ဆစ်များကို တိုက်ခိုက်ရန် စစ်ပညာနှင့် စစ်လက်နက်စုဆောင်းရင်း ခေတ်သစ်မြန်မာ့တပ်မတော်ကို ပျိုးထောင်ဖွဲ့စည်းခဲ့ကြသည်။ **မြန်မာ့လွတ်လပ်ရေးတပ်မတော်၏ စစ်စွမ်းရည်ဖြင့် ဗြိတိသျှတပ်များကို တိုက်ထုတ်ခဲ့သည့်နည်းတူ၊ ဖက်ဆစ်တပ်များကိုလည်း တော်လှန်တိုက်ခိုက်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)၊ မြန်မာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၊ မျိုးချစ်မြန်မာ့တပ်မတော်မှသည် ယနေ့ကာလ မြန်မာ့တပ်မတော်သည် အခြေအနေ အချိန်အခါအရ အမည်နာမပြောင်းခဲ့သော်လည်း လွတ်လပ်ရေးပြန်လည်တိုက်ယူရန်နှင့် မြန်မာ့လွတ်လပ်ရေး၊ မြန်မာပြည်ထောင်စုနှင့် မြန်မာပြည်ဖွား တိုင်းရင်းသားပြည်သူများကို ကာကွယ်စောင့်ရှောက်ရန် အသက်ပေးအပ်ခဲ့သော စွန့်လွှတ်စွန့်စား တပ်မတော်၊ မျိုးချစ်တပ်မတော်၊ ပြည်သူ့တပ်မတော်အဖြစ် အမျိုးသားသစ္စာစောင့်သိခဲ့သည့် တပ်မတော်အဖြစ် ရပ်တည်ခဲ့သည်။**

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်တို့က မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို အင်အားလျှော့ချစေပြီး ပြန်လည်ဖွဲ့စည်းစေခဲ့သည်။ သို့သော် မြန်မာတို့က ဖက်ဆစ်များကိုတော်လှန်တိုက်ထုတ်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် အချိန်မရွေး နယ်ချဲ့သမားကို တိုက်ခိုက်နိုင်သော တပ်မတော်၊ ပြည်သူကအားပေးသောတပ်မတော်၊ အင်အားရှိသော တပ်မတော်ဖြစ်ရန် အားထုတ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်၊ တပ်မတော်အင်အားရှိအောင် ပြည်သူက အဘက်ဘက်မှ ကူညီကြစေရန် လှုံ့ဆော်သည့် တေးသီချင်းတစ်ပုဒ် လိုအပ်ခဲ့သည်။ မျိုးချစ်စိတ်ဓာတ်ရှိပြီး ဂီတပညာပြည့်ဝသော ဂီတစာဆို ရွှေတိုင်ညွန့်ထံ အဆိုပါ လှုံ့ဆော်တေး ရေးစပ်ပေးရန် ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) အား စေလွှတ်ခဲ့သည်။ ထိုစဉ်က ဆရာရွှေတိုင်ညွန့်သည် နာမကျန်းဖြစ်ပြီး အိပ်ရာထဲ လဲနေခဲ့သည်။ ထိုသီချင်းသည်

မြန်မာ့လွတ်လပ်ရေးတပ်မတော်၏ စစ်စွမ်းရည်ဖြင့် ဗြိတိသျှတပ်များကို တိုက်ထုတ်ခဲ့သည့်နည်းတူ၊ ဖက်ဆစ်တပ်များကိုလည်း တော်လှန်တိုက်ခိုက်ခဲ့။ မြန်မာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)၊ မြန်မာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၊ မျိုးချစ်မြန်မာ့တပ်မတော်မှသည် ယနေ့ကာလ မြန်မာ့တပ်မတော်သည် အခြေအနေ အချိန်အခါအရ အမည်နာမပြောင်းခဲ့သော်လည်း လွတ်လပ်ရေးပြန်လည်တိုက်ယူရန်နှင့် မြန်မာ့လွတ်လပ်ရေး၊ မြန်မာပြည်ထောင်စုနှင့် မြန်မာပြည်ဖွား တိုင်းရင်းသားပြည်သူများကို ကာကွယ်စောင့်ရှောက်ရန် အသက်ပေးအပ်ခဲ့သော စွန့်လွှတ်စွန့်စား တပ်မတော်၊ မျိုးချစ်တပ်မတော်၊ ပြည်သူ့တပ်မတော်အဖြစ် အမျိုးသားသစ္စာစောင့်သိခဲ့သည့် တပ်မတော်အဖြစ် ရပ်တည်ခဲ့။

(၆၃)နှစ်မြောက်

၁။ အေးချမ်းသာယာပြီး ခေတ်
ဒီမိုကရေစီနိုင်ငံတော်သစ် တ
ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့်
တိုင်းရင်းသားပြည်သူတို့နှင့်
ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေး
နှောင့်ယှက်သော ပြည်တွင်း
လက်တွဲ၍ ပြည်ထောင်စုစိ

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာ
ပြီး စွမ်းရည်ထက်မြက်သော



အရေးကြီးသဖြင့် ဖြစ်အောင် ရေးစပ်ပေးလိုက်သည်။ ယနေ့ သီဆိုနေကြသည့် "တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အား ရှိမည်" ဆိုသော သီချင်းဖြစ်ပေါ်လာခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး နယ်ချဲ့တို့က မြန်မာနိုင်ငံတွင်းသို့ ပြန်ဝင်လာကာ မူလနယ်ချဲ့အုပ်ချုပ်ရေး ယန္တရားကို ပြန်လည်အသက်သွင်းသည်။ မြန်မာ့တပ်မတော်ကိုလည်း အင်အားချည့်နဲ့သွားအောင် လက်ျာ – ဖရီးမင်း စာချုပ်ဖြင့် လျှော့ချစေခဲ့ပြန်သည်။ လွတ်လပ်ရေးနှင့်အတူ လက်ဝဲမျိုးစုံ၊ လက်ယာမျိုးစုံ လက်နက်ကိုင်သောင်းကျန်းမှုကြီး မင်းမူလာချိန်၌ ကွန်မြူနစ်အားသန်သော တပ်မှူးကြီးများက တပ်မတော်တွင်းမှ တပ်ရင်း၊ တပ်ခွဲ အချို့ကိုခေါ်ပြီး တောခိုသွားကြပြန်၏။ အာဏာရ ဖဆပလအစိုးရအား တပ်မတော်က

သောင်းကျန်းမှုမီးလျှံကို နှိမ်နင်းရင်း အာဏာ
အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်
ကောင်းမြတ်သော သမိုင်းပင် ဖြစ်သည်။

မျက်မှောက်ခေတ်ကာလတွင် နယ်ချဲ့
ဗိုလ်ကျစစ်ပွဲများကို ကမ္ဘာ့မြေပြင်၏ နေရာ
စစ်ပွဲများကြောင့်ပင် ကမ္ဘာ့နိုင်ငံများက မိမိတို့
လက်နက်စွမ်းပကားများ လုံလောက်သည်

မြန်မာတို့သည် အတိတ်ကသင်ခန်းစာ
အဘက်ဘက်မှ အင်အားဖြည့်တင်းယူရပေမည်
ဗိုလ်ကျလွှမ်းမိုးရေး ကျူးကျော်တပ်တို့နှင့်
ရှောက်သည့် တပ်မတော်အဖြစ် (ဝါ) အမျိုး
ခိုင်မာစွာ ရှိနေရပေမည်။

ထို့ကြောင့်လည်း အမျိုးသားညီလာခံမှ
နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း (
ပုဒ်မ ၂၀(က) "တပ်မတော်သည် အင်
တစ်ခုတည်းသောတပ်မတေ

တပ်မတော်သည် တစည်းတလုံးတည်
မြန်မာတို့အတွက် လွတ်လပ်ရေးကို တိုက်ယူ
ပြည်သူတို့လိုလားသော ပြည်တွင်းငြိမ်းချ
လွတ်လပ်ရေးအရသာ အပြည့်အဝခံစားစေနိ
အကောင်အထည်ဖော်ပေးခဲ့သည်။

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တား နှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမား များကိုပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

အရေးကြီးသဖြင့် ဖြစ်အောင် ရေးစပ်ပေးလိုက်သည်။ ယနေ့ သီဆိုနေကြသည့် "တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အား ရှိမည်" ဆိုသော သီချင်းဖြစ်ပေါ် လာခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး နယ်ချဲ့တို့က မြန်မာနိုင်ငံတွင်းသို့ ပြန်ဝင်လာကာ မူလနယ်ချဲ့အုပ်ချုပ်ရေး ယန္တရားကို ပြန်လည်အသက်သွင်းသည်။ မြန်မာ့တပ်မတော်ကိုလည်း အင်အားချည့်နဲ့သွားအောင် လက်ျာ - ဖရီးမင်း စာချုပ်ဖြင့် လျှော့ချစေခဲ့ပြန်သည်။ လွတ်လပ်ရေးနှင့်အတူ လက်ဝဲမျိုးစုံ၊ လက်ယာမျိုးစုံ လက်နက်ကိုင် သောင်းကျန်းမှုကြီး မင်းမူလာချိန်၌ ကွန်မြူနစ်အားသန်သော တပ်မှူးကြီးများက တပ်မတော်တွင်းမှ တပ်ရင်း၊ တပ်ခွဲ အချို့ကိုခေါ်ပြီး တောခိုသွားကြပြန်၏။ အာဏာရ ဖဆပလအစိုးရအား တပ်မတော်က သောင်းကျန်းမှုမီးလျှံကို နှိမ်နင်းရင်း အာဏာသက် ဆက်ပေးခဲ့သည်။ မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက် အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်ပြီး ကာကွယ်ပေးခဲ့သော တပ်မတော်၏ သမိုင်းသည် ကောင်းမြတ်သော သမိုင်းပင် ဖြစ်သည်။

မျက်မှောက်ခေတ်ကာလတွင် နယ်ချဲ့စစ်ပွဲ၊ ကျူးကျော်စစ်ပွဲ၊ စွက်ဖက်စစ်ပွဲ၊ ကိုယ်ကျိုးရှာစစ်ပွဲ၊ ဗိုလ်ကျစစ်ပွဲများကို ကမ္ဘာ့မြေပြင်၏ နေရာများစွာ၌ တွေ့နေကြရပေသည်။ ထို မသမာစစ်ပွဲ (ဝါ)နယ်ချဲ့စစ်ပွဲများကြောင့်ပင် ကမ္ဘာ့နိုင်ငံများက မိမိတို့အမျိုးသား ကာကွယ်ရေးတပ်မတော်များကို စစ်ရေးစွမ်းရည်၊ လက်နက်စွမ်းပကားများ လုံလောက်သည်အထိ တိုးမြှင့်ဖြည့်ဆည်းလျက်ရှိသည်ကို တွေ့ရပေသည်။

မြန်မာတို့သည် အတိတ်ကသင်ခန်းစာကိုထုတ်ယူကာ မိမိနိုင်ငံ၊ မိမိ ပိုင်ပိုင်နိုင်နိုင် ကာကွယ်နိုင်ရန် အဘက်ဘက်မှ အင်အားဖြည့်တင်းယူရပေမည်။ ကြေးစားစစ်တပ်၊ ခါးပိုက်ဆောင်စစ်တပ်၊ နယ်ချဲ့စစ်တပ်၊ ဗိုလ်ကျလွှမ်းမိုးရေး ကျူးကျော်တပ်တို့နှင့် လားလားမျှမတူ၊ မိမိနိုင်ငံ မိမိလူမျိုးကို ကာကွယ်စောင့်ရှောက်သည့် တပ်မတော်အဖြစ် (ဝါ) အမျိုးသားရေးတပ်မတော်အဖြစ် အင်ပြည့်အားပြည့် တောင့်တင်းခိုင်မာစွာ ရှိနေရပေမည်။

ထို့ကြောင့်လည်း အမျိုးသားညီလာခံမှ ချမှတ်ပေးသော အခြေခံမူကြီးများဖြင့် ရေးဆွဲပြီးစီးသွားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း (၂၀၀၈)တွင် အောက်ပါအတိုင်းဖော်ပြထားခြင်းဖြစ်ပေသည်။

ပုဒ်မ ၂၀(က) "တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသောတပ်မတော် ဖြစ်သည်"

တပ်မတော်သည် တစည်းတလုံးတည်း၊ တညီတညွတ်ရှိသော အင်အားစုကြီးဖြစ်သည့်အတိုင်း မြန်မာတို့အတွက် လွတ်လပ်ရေးကို တိုက်ယူပေးခဲ့သည်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ ပြည်သူတို့လိုလားသော ပြည်တွင်းငြိမ်းချမ်းရေးကိုရအောင် ဆောင်ကြဉ်းပေးခဲ့သည်။ ပြည်သူတို့ လွတ်လပ်ရေးအရသာ အပြည့်အဝခံစားစေနိုင်မည့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ပေးခဲ့သည်။

အခြေခံဥပဒေသစ်(မူကြမ်း) ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဃ)နှင့် (င)တို့တွင်လည်း ပြည်သူက အောက်ပါတာဝန်များကို တပ်မတော်သို့ အပ်နှင်းထားပေသည်။

ပုဒ်မ ၂၀(ဃ) "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။"

ပုဒ်မ ၂၀(င) "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။"

အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသော တပ်မတော်အား အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နေခြင်းသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ အကျိုးစီးပွားအတွက်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသတည်း။ ။

နွေအလင်္ကာ

○ နွေ၏အစ၊ တပေါင်းလတွင်
စိမ်းမြရွက်သစ်၊ ဖူးပုရစ်တို့
နုမျစ်ရှင်သန်၊ အားမာန်တက်ကြွ
ပွင့်လာကြသည်၊ နွေပန်းချီမှာ
အလင်္ကာတည့်၊ ရွက်ဝါတွေလည်း
မြေမှာပြန့်ကျဲ တသဲသဲဖြင့်
မစဲသံချို၊ ဥသြပျို့ငှက်
နှုတ်ဆက်အကြို၊ တေးဆိုနေလား
ခံစားရင်မှာ၊လိပ်ပြာသက်ငင်
ပွဲတင်လှိုင်းထပ်၊ အတ္တုပ္ပတ်သည်
တပ်မတော်သူ့ရဲကောင်း၊ သမိုင်းကြောင်း။

(၂)

○ နွေတစ်ညမှာ ပြလဲ့ကောင်းကင်
ကြယ်စင်လည်းကင်း၊ လမင်းမရှိ
ပကတိအမှောင်၊ သန်းခေါင်ညဉ့်ထဲ
ရဲရဲထိုးဖောက်၊ ပြောက်ကျားတို့စစ်
ဖက်ဆစ်တော်လှန်၊ သေနတ်သံတွေ
လေမှာပျံ့ဝဲ၊ မစဲမရပ်
ပစ်ခတ်စီးနင်း၊ဖက်ဆစ်ကင်းကို
ဖြိုခွင်းလျှပ်တစ်ပြက်၊ ဘက်နက်လုံ့စွပ်
သွေးစွတ်စိုရွှဲ၊ နီမောင်းရဲခဲ့
တိုက်ပွဲနွေည၊ အမှတ်ရမိ
မတ်လနှစ်ဆယ့်ခွန် ရက်မြတ်မွန်တည့်။

(၃)

○ မတ်လသရုပ်၊ အတ္တုပ္ပတ်ကို
ညွှန်းဆိုပါမည် ပြည်သူစည်းရုံး
နိုင်ငံလုံးက၊ ညီညွတ်ကြလျက်
ရိုးမပဲခူး၊ ဖြတ်ကူးစစ်တောင်း
မြစ်ကြောင်းအနှံ့၊ ဖြန့်ကြက်ဝန်းဝိုင်း၊
မုန်တိုင်းစစ်ဆင်၊ မြစ်ပြင်တစ်ဝန်း
သွေးလွှမ်းတိုက်ပွဲ၊ မစဲနေ့ည
ပြင်းထန်လှသည်၊ ကျဆုံးသေကျေ
ဖက်ဆစ်တွေလည်း၊ ရေမှာပေါလော
မျောပါမဆုံး၊ ရှုံးနိမ့်ဘဝ
ကျရောက်ရပြီ၊ မြန်မာ့ပြောက်ကျား
ပြည့်စစ်သားတို့၊ အင်အားကျစ်လျစ်
အောင်ပွဲဖြစ်ခဲ့၊ ဖက်ဆစ်စနစ်နေဝင်ချိန်။

(၄)

○ နွေအလင်္ကာ၊ ရင်မှာလှိုင်းခတ်
ပွဲတင်ထပ်ခဲ့၊ ထုပ္ပတ်ကဗျာ
ဖူးပွင့်လာသော်၊ တပ်မတော်သည်
ပြည်သူထဲက၊ လာခဲ့ရ၍
ဘဝမမေ့၊ မကွေ့မကောက်
မဖောက်မပြန်၊ ဇာတိမာန်ဖြင့်
နိုင်ငံအတွက်၊ ယုံကြည်ချက်ကို
အသက်စတေး၊ သွေးဖြင့်ရေးမည်
အနီထက်က၊ လင်းလက်ကြယ်ဖြူ
အလံထူခဲ့၊ ပြည်သူတို့နှင့် အတူတည်း။ ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆိုလျက်-

ကေတုနီလာ

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၇)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၅

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၁၀၇)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

သက်ဦးနိုင်(မြဝတီ)၊ ဇော်မင်းမင်းဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ထွန်းထွန်း (သာယာဝတီ)၊ အောင်ထွန်းလင်း (ချောက်)၊ ချွန်းသာ၊ မောင်ဘုန်းဝေ (တောင်ကုတ်)၊ မောင်စောထွန်း(ကျောင်းကုန်း)၊ ရွှေအဲ့လေးငယ်၊ ကိုစိုင်းထက်မြက်သိမ်း၊ မင်းနီခိုင် (မောင်တော)၊ တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ တက္ကသိုလ် မောင်မောင်လှိုင်၊ လှိုင်မြင့်ဦး၊ မအေးငြိမ်း(ပခုက္ကူ)၊ ဖိုးသား(ဟိုပင်)၊ ညွှန့်သစ္စာ၊ ဦးကျော်ကျော်သန်း(ရွှေဘို)၊ ကိုဇော်ဝင်း(လှတော)၊ တင်အောင်သွင်၊ ဒေါက်တာလှဖေ၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ဆရာဓမ္မပါလ၊ ရွှေကြာမောင်(တောင်တွင်း)၊ မောင်ရွှေပြည့်(စစ်တွေ)၊ ဦးကျော်စိန်(မန္တလေး)၊ အရှင်ရေဝတ(သရက်ကောင်း)၊ မောင်မောင်ကျော့(ပလက်ဝ)၊ မာယုလှိုင်(ကျောက်တော်)၊ စေတနာလှိုင် (ရေစကြို)၊ သာနိုင်အောင်(ကျိုက္ကမိရော)တို့၏ဆောင်းပါးများ၊ သောကြာမောင်ကလေး၊ မောင်လူဝေးတို့၏ပုံပြင်များ၊ မိုးပွင့်အေး(မန္တလေး)၊ ဝေလွင်မြင့်အောင်၊ ကိုမျိုး(ရွှေဘို)၊ ဇော်ကိုကို(မြန်မာစာ)၊ ပွင့်မွှန်မွှန်သိမ်း၊ သုခထွေး (တောင်တွင်းကြီး)၊ ကေတုနီလာ၊ ပန်းတနော်နောင်လတ်၊ တက္ကသိုလ်မောင်သုလှိုင်တို့၏ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ မှတ်သားစရာ သတ်ပုံကဗျာများဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားပါသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) အလက(၁)ရန်ကင်းရှေ့ ဖုန်း-၇၂၅၅၃၀နှင့် ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

တပ်မတော်(အငြိမ်းစား)ဘောလုံးနည်းပြများအား ဘောလုံးသမားဟောင်းများ အာစရိယပူဇော်

ရန်ကုန် မတ် ၂၅

စတုတ္ထအကြိမ်မြောက် တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြများအား တပ်မတော် ဘောလုံးသမားဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၂၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပရာ ရှေးဦးစွာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးစိုးမြင့်အောင်က အမှာစကားပြောကြားပြီး တပ်မတော်ဘောလုံးကော်မတီအတွင်းရေးမှူး ဗိုလ်မှူးတင့်ဇော်က အာစရိယပူဇော်ပွဲကျင်းပရာခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် တပ်မတော်ဘောလုံးကော်မတီ အဆက်ဆက်၌ တာဝန်ယူခဲ့ကြသော ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြ ၂၁ဦးတို့အား တပ်မတော်ဘောလုံးသမားဟောင်းများက ပူဇော်ကန်တော့ကြပြီး **(အောက်ပုံ)** အားကစားဝတ်စုံနှင့် ငွေသားလက်ဆောင်များကို ပေးအပ်ကြသည်။

အမှာစကား

ထို့နောက် ကန်တော့ခံ ဆရာကြီးများ ကိုယ်စား ဦးတင်ကြည်နှင့် ဗိုလ်မှူးကြီးသန့်ဇင်(အငြိမ်းစား)တို့က သြဝါဒ စကားပြောကြားကြပြီး တပ်မတော် ဘောလုံးအသင်း အောင်မြင်ရေးနှင့် စပ်လျဉ်း၍ တပ်မတော်ဘောလုံးကော်မတီ ဥက္ကဋ္ဌကိုယ်စား တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံ ဒုတိယကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းက အမှာစကားပြောကြားသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဖွင့်လှစ်မည့် (၁/၂၀၀၈)သရုပ်ဆောင်သင်တန်း လူရွေးချယ်ပွဲ

သတင်းမှတ်စု–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု–သန်းဇော်

သရုပ်ဆောင်သင်တန်း လူရွေးချယ်ပွဲတွင် မမိုးမိုးလှိုင်ဒွေး သရုပ်ဆောင်ပြသန် အမူအရာကို ဒိုင်အဖွဲ့က ဤသို့ အကဲဖြတ်ကြသည်။

ရန်ကုန် မတ် ၂၅

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ရှားပါးလာတဲ့သရုပ်ဆောင်တွေနေရာမှာ အနုပညာမျိုးဆက်သစ်တွေ အစားထိုးဖြည့်ဆည်းနိုင်ဖို့အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးဖွင့်လှစ်မယ့် (၁/၂၀၀၈)သရုပ်ဆောင်သင်တန်းအတွက် သင်တန်းသား ရွေးချယ်ပွဲကို ရန်ကုန်မြို့ ဝင်္ကပါလမ်းမှာရှိတဲ့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမဆောင်ကြီးမှာ မတ် ၂၄ ရက်နဲ့ ၂၅ ရက်တွေမှာ ပြုလုပ်ခဲ့ပါတယ်။

စိစစ်ရွေးချယ်

(၁/၂၀၀၈) သရုပ်ဆောင် သင်တန်းကိုတက်ရောက်ဖို့လျှောက်ထားတဲ့သူတွေဟာ အမျိုးသမီး၅၀နဲ့ အမျိုးသား ၁၀၂ဦးရှိပြီး စုစုပေါင်း ၁၅၂ဦး ရှိတာမို့ ဒီလျှောက်လွှာရှင်တွေထဲက အရည်အချင်းပြည့်မီသူတွေကို စိစစ်ရွေးချယ်တက်ရောက်ခွင့်ပြုမှာ ဖြစ်ပါတယ်။

"မိမိစိတ်တိုင်းကျ သရုပ်ဆောင်မှုတွေကို ပြသကြရမှာ ဖြစ်ပါတယ်"
အကယ်ဒမီ ဒေါ်ခင်သီတာထွန်း
(အကဲဖြတ်ဒိုင်အဖွဲ့ဝင်)

စိတ်တိုင်းကျ

အခုလို သင်တန်းသား စိစစ်ရွေးချယ်မှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ ပြန်ကြားရေး (၃)နဲ့ အကဲဖြတ်ဒိုင်အဖွဲ့ဝင် တစ်ဦးဖြစ်တဲ့အကယ်ဒမီဒေါ်ခင်သီတာထွန်းနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ "ဒီသင်တန်းသား ၁၀၂ဦးထဲက စုစုပေါင်း ၆၆ဦးကို ရွေးချယ်သွားမှာပါ၊ ရွေးချယ်တဲ့ နေရာမှာ ရုပ်ရည်နဲ့ ခန္ဓာကိုယ်အချိုးအစား၊ စကားအပြောအဆို (မိတ်ဆက်စကား)၊ မိမိအနှစ်သက်ဆုံးသရုပ်ဆောင် (ပြည်တွင်း၊ပြည်ပ) ကို ပြောပြရပြီး ဘယ်လိုအချက်တွေကြောင့် နှစ်သက်တယ်ဆိုတာရယ်၊ အကြိုက်ဆုံး သရုပ်ဆောင်ကွက်နဲ့ မိမိစိတ်တိုင်းကျ သရုပ်ဆောင်မှုတွေကို ပြသကြရမှာ ဖြစ်ပါတယ်။ အဲဒီပေါ်မှာ အမှတ်ပေးပြီး အကဲဖြတ်ဒိုင်အဖွဲ့က ဆုံးဖြတ်ရွေးချယ်သွားမှာပါ" လို့ အကယ်ဒမီ ဒေါ်ခင်သီတာထွန်းက ရှင်းပြပါတယ်။

ရက် ၉၀

အကဲဖြတ်ဒိုင်တွေထဲမှာ ဒေါ်မြင့်မြင့်ခိုင်၊ ဒါရိုက်တာ မျိုးဇော်အောင်၊ အကယ်ဒမီ ဇော်မင်း (ဟံသာမြေ)၊ အကယ်ဒမီ ခင်လေးသိမ့်၊ အကယ်ဒမီ ဒေါ်ခင်သီတာထွန်းစတဲ့ဝါရင့်အနုပညာအတတ်ပညာရှင်တွေပါဝင်ကြပါတယ်။ ယခုဖွင့်လှစ်တော့မယ့် (၁/၂၀၀၈) သရုပ်ဆောင်သင်တန်းဟာ သင်တန်းရက် စုစုပေါင်းရက် ၉၀ အပြည့် တက်ရောက်ရမှာဖြစ်ပြီး ဧပြီ ၁ ရက်မှ စတင်ဖွင့်လှစ်မှာ ဖြစ်ပါတယ်။

စိတ်ဝင်စား

ဒီသင်တန်းကို တက်ရောက်ဖို့အတွက် လာရောက်လူတွေ့အရွေးခံကြတဲ့လူငယ်အနုပညာမျိုးဆက်သစ်လေးတွေကတော့ လူငယ်တွေပီပီ အားမာန်အပြည့်ရှိနေကြတာ တွေ့ရပါတယ်။ စင်မြင့်ပေါ်မှာ သရုပ်ဆောင်ပြီးဆင်းလာတဲ့ မောင်အောင်အောင်ဖြိုးကိုတွေ့ဆုံမေးမြန်းတဲ့အခါ "အသက်က ၁၉ နှစ်၊ ဒုတိယနှစ် ဒဿနိကကျောင်းသားတစ်ဦးပါ။ ရုပ်ရှင်အနုပညာကို စိတ်ဝင်စားလွန်းလို့ရယ်၊ ဝါသနာလည်းပါတာမို့ ဒီသင်တန်းကို

"ကြိုးစားသရုပ်ဆောင်ခဲ့ပါတယ်"
မောင်အောင်အောင်ဖြိုး
ဒုတိယနှစ်ဒဿနိကက

တက်ဖို့ ကြိုးစားခဲ့တာ ဖြစ်ပါတယ်။ အခုစင်ပေါ်မှာတော့ ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားသရုပ်ဆောင်ခဲ့ပါတယ်။ အရွေးခံရပြီး တက်ခွင့်ရရင် အရမ်းဝမ်းသာရမှာပါ" လို့ ပြောသွားပါတယ်။

သရုပ်ဆောင်ခဲ့

နောက်ထပ် သင်တန်းတက်ဖို့ လာရောက်အရွေးချယ်ခံတဲ့ မိန်းကလေးတစ်ဦးကို မေးမြန်းတဲ့အခါ "သမီးနာမည်က နှင်းလို့ခေါ်ပါတယ်။ အင်္ဂလိပ်စာ စာပေးစာယူ နောက်ဆုံးနှစ်ပါ။ သမီးအရွေးခံရဖို့အတွက် သရုပ်ဆောင်ခဲ့တာက ပန်းတစ်ပွင့်ရဲ့ ဒိုင်ယာရီ ရုပ်ရှင်ကားထဲက သရုပ်ဆောင်ကွက်တွေပါ၊ သမီးက နိုင်ငံကျော် သရုပ်ဆောင် ဖြစ်ချင်ပါတယ်" လို့ ဖြေကြားသွားပါတယ်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူးဖွင့်လှစ်မယ့် (၁/၂၀၀၈) သရုပ်ဆောင်သင်တန်းတက်ဖို့အတွက်တက်ရောက်ခွင့်ရှိတဲ့သူတွေကို မတ် ၂၈ ရက်မှာ စာရင်းထုတ်ပြန်ပြီး ဧပြီ ၁ ရက်မှာ သင်တန်း စတင်ဖွင့်လှစ်မှာ ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

"နိုင်ငံကျော် သရုပ်ဆောင်ဖြစ်ချင်ပါတယ်" နှင်း
အင်္ဂလိပ်စာနောက်ဆုံးနှစ်

တရားစခန်းများ ကျင်းပမည်

အောင်စကြာမိုးကုတ်ရိပ်သာ

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ၁၀ ရက် အထူးတရားစခန်းပွဲကို ၁၃၆၉ ခု တန်ခူးလဆန်း ၆ ရက်မှ ၁၅ ရက် (ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ဒုလ္လဘရဟန်းနှင့် သီလရှင်ဝတ်လိုသော ပုဂ္ဂိုလ်များနှင့် တရားစခန်းဝင်ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြရမည်ဖြစ်ပြီး တရားစခန်းပွဲအတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့် ဖျော်ရည်လှူဒါန်းလိုသော စေတနာရှင်များ ဖုန်း–၅၄၇၀၂၈ နှင့် ၀၉–၅၁–၄၇၃၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မဟာသုဝဏ္ဏကျောင်းတိုက်

မြန်မာပြည်သာသနာ၌ နေတစ်ဆူ လတစ်ဆူပမာ ထင်ရှားကျော်ကြားတော်မူသော လယ်တီဆရာတော်ကြီး၏ ဩဝါဒကိုခံယူလျက် ကိုယ်တွေ့ဝိပဿနာတရားတော်များကို အောင်မြင်စွာ ညွှန်ကြားပြသသွားတော်မူသော အနာဂါမ်ဆရာသက်ကြီး၏ နည်းနိဿယဖြင့် လယ်တီမူဝိပဿနာသတိပဋ္ဌာန်တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ရက်အထိ သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလိုကြသည့် ကုသိုလ်ရှင်များသည် ဖုန်း–၅၇၇၀၁၅သို့ ကြိုတင်၍ စာရင်းသွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဓမ္မရောင်ခြည်သဲအင်းဂူ

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည်သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်း၌ ကျေးဇူးတော်ရှင်မူလသဲအင်းဂူ ဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များကို ဧပြီ၇ရက်မှ ၁၇ရက်အထိ အဓိဋ္ဌာန် ၁၀ရက်စခန်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့မှ အခမဲ့အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ရာ ဧပြီ ၆ ရက် ညနေအရောက် လာရောက်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဦးလှမြင့်အား ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အား ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မန္တလေးစီးပွားရေးလမ်းညွှန် (၂၀၀၈)စာအုပ်ထုတ်ဝေဖြန့်ချိ



ရန်ကုန် မတ် ၂၅

နှစ်စဉ် ထုတ်ဝေလျက်ရှိသော မန္တလေးစီးပွားရေးလမ်းညွှန် (Mandalay Business Directory)စာအုပ် **(ဝဲပုံ)**ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် မန္တလေးအပါအဝင် မုံရွာ၊ ပခုက္ကူ၊ ရွှေဘို၊ ကလေး၊ တမူး၊ မကွေး၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး၊ မိုးကုတ်၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပုဂံ–ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မတ္တရာမြို့များနှင့် ယင်းမြို့များနှင့်ဆက်စပ်လျက်ရှိသော မြို့များအပါအဝင် မြန်မာပြည်(အထက်ပိုင်း)မြို့ပေါင်း ၄၇မြို့တို့၏ စီးပွားရေးလုပ်ငန်းလိပ်စာ အချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် စီးပွားရေးကြော်ငြာများကို ဖော်ပြထားသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဖော်ပြထားသော လုပ်ငန်းအမျိုးအစားခေါင်းစဉ်၇၀၀ကျော်နှင့် လုပ်ငန်းလိပ်စာ အချက်အလက်ပေါင်း ၇၈၀၀၀ကျော်တို့ကိုလည်း စုစည်း၍ ဖော်ပြထားသည်။

မန္တလေးစီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်းလိပ်စာအချက်အလက်များကို အသုံးပြုလွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။

မန္တလေးစီးပွားရေးလမ်းညွှန်ကို ၄/၆၊၂၄–၂၅လမ်းကြား၊ ၆၂–၆၃လမ်းကြား မြစန္ဒာလမ်းသွယ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း–၀၂–၇၂၂၀၀၊ ၃၈၂၂၅နှင့် အမှတ်၁၄၅၊၃၆လမ်း(လယ်) ကျောက်တံတား မြို့နယ် ဖုန်း–၂၅၃၂၉၅၊ ၂၅၀၁၂၁တို့မှ ဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆–၃–၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် – ယောဆရာတော်ကြီး၏ ဥပ္ပာတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ တေးဂီတအစီအစဉ်
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၃၀ ၇။ International News
- ၈း၄၀ ၈။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၅၅ ၉။ အကပြိုင်ပွဲ

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄း၂၀ ၃။ **ဒီအိုတီအက်စ်** ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း [ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)]
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု) [သမိုင်း]
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ အကပဒေသာ
- ၅း၀၅ ၇။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၅း၁၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၂၅ ၉။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၅ ၁၀။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၄၅ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၀၀ ၁၅။ ပြည်သူ့အတွက်တပ်မတော် (နိုင်ငံ့အင်အား လမ်းနှင့် တံတား) [ပြည်သူ့အားမာန်ဆည်တမံ]
- ၇း၁၀ ၁၆။ **သစ္စာမော်ကွန်း** (အပိုင်း–၁) သူထူးစံ၊ မင်းဟိဏ်း၊ သားညီ၊ ဖွေနိုင်ဝင်း၊ သတ္တိ၊ မင်းခ၊ ပြေတီဦး၊ နန္ဒ၊ ဇင်မျိုး၊ သက်မွန်မြင့်၊ ချစ်စနိုးဦး၊ ပိုင်ဖြိုးသု (ဒါရိုက်တာ–ညီမင်းလွင်)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **သစ္စာမော်ကွန်း** (အပိုင်း–၂) သူထူးစံ၊ မင်းဟိဏ်း၊ သားညီ၊ ဖွေနိုင်ဝင်း၊ သတ္တိ၊ မင်းခ၊ ပြေတီဦး၊ နန္ဒ၊ ဇင်မျိုး၊ သက်မွန်မြင့်၊ ချစ်စနိုးဦး၊ ပိုင်ဖြိုးသု (ဒါရိုက်တာ–ညီမင်းလွင်)

ဗုဒ္ဓဒေသနာသင်တန်း

ရန်ကုန် မတ် ၂၅

ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့၏ ပဓာန နာယက ဆရာကြီး ဦးဌေးအောင်(မဟာသဒ္ဓမ္မဇောတိကဓဇ) ၏ ဗုဒ္ဓဒေသနာသင်တန်း (ပထမပိုင်း)ကို ဧပြီ ၁ ရက်မှ ၁၀ရက်အထိ၊ (ဒုတိယပိုင်း)ကို ၂၀ရက်မှ ၂၉ရက်အထိ နေ့စဉ်နံနက် ၇ နာရီခွဲမှ ၉ နာရီ ၁၅ မိနစ် အထိ၊ သင်္ကြန်တရားစခန်းငါးရက်ကို ဧပြီ ၁၃ရက်မှ ၁၇ ရက်အထိနှင့် ဗုဒ္ဓနည်း နာမ်ရုပ်လေ့ကျင့်ရေး အလုပ်စခန်းကို မေ ၂ ရက်မှ ၁၀ ရက်အထိ နံနက် ၉ နာရီမှစ၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် ဓမ္မဒါန ပို့ချပေးမည်ဖြစ်ရာ ဖုန်း–၃၈၇၃၆၁ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ရွှေ့လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် တက်ကြွစွာပူးပေါင်းပါဝင်ရေး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၂၅

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၂၂ ရက်က ကျောက်ဖြူမြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၌ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ကျောက်ဖြူမြို့ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့်တွေ့ဆုံရာ ရှေးဦးစွာ ကျောက်ဖြူ၊ ရမ်းဗြဲနှင့် အမ်းမြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများကမြို့နယ်အလိုက်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဗဟိုအလုပ်အမှုဆောင်ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကျောက်ဖြူမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ကွန်ပျူတာတစ်စုံပေးအပ်လှူဒါန်းစဉ်။ (ပို့ဆောင်ရေး)

မှာကြား

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရွှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်လုပ်ကိုင်ကြရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူမှုရေး၊ စည်းရုံးရေးလုပ်ငန်းများကိုပိုမိုတိုးတက်အောင် အခြားလူမှုရေး အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

လက်ခံ

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျောက်ဖြူမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ကွန်ပျူတာတစ်စုံနှင့်အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြရွာ၊ လေးဒေါင့်ကန် သီရိဂုဏ်ဝေမ္မဗိမာန်ကျောင်းတိုက်တွင် ဆောက်လုပ်ဆဲ မဟာထေရ်စံကျောင်းတော်အတွက် ဒေါက်တာချစ်ဆွေ - ဒေါ်နီနီဝင်း အမှတ် (၁)စစ်မှုထမ်းဟောင်းစံပြရွာ ၄/၁/၁၉မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ကြည်လေး ၂/၁/၃ မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်စန်းခင် ၂/၆/၁၄မိသားစုကငွေကျပ်တစ်သိန်း၊ ဒေါ်ညို ၁/၃/၁၈မိသားစုကငွေကျပ်ငါးသောင်းကိုအရှင်ပညာသီဟာဘိဝံသ(ပဋ္ဌနိကာယ်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပင်မဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတာဝါတိုင်တပ်ဆင်ခြင်း ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၂၂ရက် မွန်းလွဲ ၁၂နာရီခွဲက မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် တောင်ငူခရိုင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ရုံးတွင်းရုံးပြင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆောင်ရွက်

ထို့နောက်ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲ ၂နာရီခွဲတွင် 230/33/11 KV(60 MVA) တောင်ငူ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိခဲ့ပြီး ပင်မဓာတ်အားခွဲရုံ ဓာတ်အားထိန်းချုပ်ခန်းမ Control Room ၌ ခွဲရုံမှူးဦးမြသန်းထွန်းက ခပေါင်းဓာတ်အားပေးစက်ရုံမှ ဓာတ်အား အဝင်ရရှိမှုနှင့် ဓာတ်အားပို့လွှတ်မှု အခြေအနေများအား ရှင်းလင်းတင်ပြရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက ဖြည့်စွက် ရှင်းလင်း တင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက လိုအပ်သည်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ညနေ ၃နာရီတွင် တောင်ငူ - သာယာကုန်း 230 KV မဟာဓာတ်အားလိုင်း တာဝါတိုင် တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတွင် လေလွင့်ဆုံးရှုံးမှု မရှိစေရေး ဂရုပြုဆောင်ရွက်ရန်၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းမြို့နယ် ကျီးနီချောင်တိုက်နယ်ဆေးရုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

ဗုဒ္ဓဒေသနာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၅

ဗုဒ္ဓဒေသနာနှင့်ဝိပဿနာပြန့်ပွားရေးအဖွဲ့၏ပဓာနနာယကဆရာကြီးဦးဌေးအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ)သည် ဗုဒ္ဓဒေသနာသင်တန်း(ပထမပိုင်း)ကို ဧပြီ ၁ရက်မှ ဧပြီ ၁၀ရက် ထိ၊ (ဒုတိယပိုင်းကို)ဧပြီ ၂၀ရက်မှ ၂၉ရက်အထိ နေ့စဉ်နံနက်၇နာရီခွဲမှ ၉နာရီ ၁၅မိနစ်အတွင်း ပို့ချ၍ သင်္ကြန်တရားစခန်း ၅ရက်ကို ဧပြီ၁၃ရက်မှ ၁၇ရက်အထိနှင့် ဗုဒ္ဓနည်းနာမ်ရုပ်လေ့ကျင့်ရေး အလုပ်စခန်းကိုမေ၂ရက်မှ ၁၀ရက်အထိနံနက်၉နာရီမှ ညနေ၄နာရီအတွင်း ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် ဓမ္မဒါနပို့ချပေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း-၃၈၇၃၆ဝ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၃-၂၀၀၈(ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	သေခြင်း၏တရားခံ အဝိဇ္ဇာ တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၀၀-၂း၀၀	INDUSTRIAL TALK[(ဦးမြင့်ဆွေ၊ ဦးခင်မောင်ဝင်း၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၃၀-၂း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅-၂း၅၅	လောကကိုအလှဆင်ခြင်း
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	Midweek Sports News
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀-၄း၀၀	တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ပုလဲMilk Shake ပြုလုပ်နည်း)
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	လေ့လာသင်ကြား Hotel လုပ်ငန်းများ
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	နတ်မောက်စက်မှုလက်မှုအထက(၁)ဒသမအကြိမ်မြောက်အာစရိယပူဇော်ပွဲ
၁၁း၁၅-၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	ဆရာတော်အရှင်ဆန္ဒာဓိက ဦးဆောင်သည့် ရွှေပါရမီအဖွဲ့ သွေးလှူဒါန်းပွဲ
၁၁း၄၀-၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅-၅း၄၅	တိုင်းရင်းဆေးပညာရှင်များ၏ ဝိဇ္ဇာဓရနယဆေးပညာ ဆွေးနွေးပွဲ
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	International Video Topics (ကမ္ဘာ့အရှည်ဆုံးကြိုးတံတား)
၁၂း၄၀-၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅-၆း၄၅	ACTIVITIES IN THE CITY
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဗဟိုအလုပ်အမှုဆောင် မွေး/ရေဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မတ် ၂၀ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကျီးနီချောင်ကျေးရွာရှိ ကျီးနီချောင်တိုက်နယ် ဆေးရုံခန်းမဆောင်၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျေးရွာများအား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှု

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ယူတည်ဆောက်ပြီးစီးနေပြီ ဖြစ်သည့် ကျီးနီချောင်တိုက်နယ် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ခရမ်း-ကန်ညီနောင်-ကန်ဘဲ့ ကျေးရွာချင်းဆက် မြေသားလမ်း အရှည်ပေ ၂၉၅၆၀ ဖောက်လုပ်နေမှု အခြေအနေကို သွားရောက် ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များမှ အသင်းဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီး သတိပြု

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအားတွေ့ဆုံ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မတ်၂၂ရက် မွန်းလွဲ ၁နာရီက မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့ မြို့နယ်ခန်းမဆောင်၌ စဥ့်ကူးမြို့ရှိဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် စဥ့်ကူးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

ဆောင်ရွက်

ထိုသို့ တွေ့ဆုံရာ၌ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား ရှင်းလင်းတင်ပြကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များ အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင် ဆောင်ရွက်ကြရန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို မွန်မြတ်သောစိတ်ဓာတ်ဖြင့် ကူညီဆောင်ရွက်ကြရန် မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ဗဟိုအတွင်းရေးမှူးဝန်ကြီးဦးအောင်သောင်းသည် ညနေပိုင်းတွင် ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ရေနံ့သာကျေးရွာ ရွှေမုဋ္ဌောစေတီတော် ဘုရားဝင်းအတွင်း၌ မတ္တရာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေနံ့သာကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရန် မှာကြားသည်။

မှာကြား

ဗဟိုအတွင်းရေးမှူးဝန်ကြီးဦးအောင်သောင်းသည် မတ်၂၃ရက်တွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျီနီကျေးရွာ ပဏ္ဍိတာရာမ ကျီနီကျောင်းတိုက်သို့ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တပဏ္ဍိတအားဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်ဝင်းအတွင်း၌ ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျီနီသပြေရိုး၊ ချောင်းမကြီး၊ ဝက်လက်၊ ကြို့ကုန်း၊ တောတွင်လှ၊ တမာ၊ ယင်းတော်ကျေးရွာအုပ်စုများမှ ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာအုပ်စု ရပ်မိရပ်ဖများက ကျေးလက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို တင်ပြကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကျေးလက်လုပ်ငန်းစဉ်ငါးရပ်နှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်ကပ်

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့နယ် အလယ်ကုန်းကျေးရွာ ပေါက်ကုန်းဆေးပုလဲကုန်းဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသုရိယနှင့် သံဃာတော်တို့အား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဆေးပုလဲကုန်း ဘုန်းတော်ကြီးကျောင်းဝင်း၌ ဗဟိုအတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းသည် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ သူနာပြုဆရာမများ၊ မြို့ပေါ်ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု(၁၀)အုပ်စုမှ ကျေးလက်ပြည်သူများအားတွေ့ဆုံ၍ ကျေးရွာကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ကျေးရွာအလိုက် တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို အရှိန်မပျက်ဆက်လက်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပရိယတ္တိသာသနနုဂ္ဂဟ ရန်ကုန်အသင်းကြီး၏ (၂၃၃)ကြိမ်မြောက် ဆွမ်းဆန်တော်အလှူ ရေစက်ချပွဲကို မတ်၂၁ရက် (တပေါင်းလပြည့်နေ့)က ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ ဦးမောင်ကလေး-ဒေါ်ကြုတ် တန်ဆောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ စာသင်တိုက် ၂၁၂တိုက်မှ **သံဃာတော်များအတွက် ဆွမ်းဆန်တော် တင်း၅၀၀၀ တန်ဖိုးငွေကျပ် ၄၉၂၅၀၀၀၀ ကို အသင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အကျိုးတော်ဆောင်ချုပ် ဦးအေးကိုတို့ ဦးဆောင်၍ ဆက်ကပ်လှူဒါန်းကြစဉ်။** (က-ပ)

မိုးမိတ်မြို့နှင့် ဗန်းမော်မြို့ရှိ ဆက်သွယ်ရေးစခန်းများ ဆက်သွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ်၂၂ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တယ်လီဖုန်းစခန်းရုံးသို့ရောက်ရှိပြီး ဆက်သွယ်ရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများအားစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများ အပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် မိုးမိတ်မြို့ မိုက္ကရိုဝေ့ဖ်စခန်းသို့ ရောက်ရှိကာ စခန်းအတွင်း တပ်ဆင်ထားသည့် ဆဲလ်လူလာ တယ်လီဖုန်းစက်ပစ္စည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေများအား စစ်ဆေးပြီး မိုးမိတ်မြို့၏ ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန် တိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ ဝန်ကြီးသည် မတ် ၂၃ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် ဗန်းမော်မြို့ အော်တိုအိတ်ချိန်းရုံး၏ D-AMP ဆဲလ်လူလာ တယ်လီဖုန်းစနစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် D-AMP ဆဲလ်လူလာတယ်လီဖုန်းစနစ် တပ်ဆင်ထားသည့် စက်ခန်းအား ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းတို့ ကချင်ပြည်နယ် ဗန်းမော်မြို့ အော်တိုအိတ်ချိန်းရုံး၏ D-AMP ဆယ်လ်လူလာတယ်လီဖုန်းစနစ် ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ဆက်သွယ်ရေး)

ဂရင်းရွိုင်ရယ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International-Beverages Trading Co.,Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပယ်ရှယ် ရီဆာဗ့် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံး ဗိုလ်လုပွဲ (Grand Royal Special Reserve Golf Championship 2008 Final Round) ကို မတ် ၂၃ ရက်တွင်ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (မြကန်သာ)၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီး၌ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ည ၇နာရီတွင် Dusit Inya Lake Resort Yangon ၌ ကျင်းပရာ IBTC မှ Production ဒါရိုက်တာ ဦးဇော်ထိုက်က Quality Playerများ၊ Pro-Am အသင်းလိုက် ပြိုင်ပွဲတွင် ဒုတိယဆုရသန်းနိုင်ဦး၊ သန်းထိုက်၊ မင်းသူရအောင်နှင့် အေးမင်းချိုတို့ပါဝင်သော အသင်းနှင့် ပထမဆုရ ထိန်ဝင်း၊ မျိုးဝင်းအောင်၊သန်းနွယ်နှင့် အောင်ကျော်မိုးတို့ပါဝင်ကြသောအသင်း တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်က Professionalအဆင့်ပြိုင်ပွဲတွင် (၇၃)ချက်ဖြင့် ပဥ္စမရရှိသော မင်းနိုင် (Srixon) နှင့် (၇၂) ချက်ဖြင့် စတုတ္ထရရှိသောထိန်ဝင်းတို့အား လည်းကောင်း၊ (IBTC) မှ Design And Development ဒါရိုက်တာဦးတင့်ဦးက (၇၁)ချက်စီဖြင့် ပူးတွဲ ဒုတိယရရှိကြသော ဇော်ဇော်လတ်နှင့် အောင်ဆန်းဝင်း၊ (၉၆)ချက်ဖြင့် ပထမရရှိသော ခင်ဇော်ဝင်းတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

လက်ခံ

ယင်းနောက် ပြိုင်ပွဲတွင်ရိုက်ချက်ပေါင်း(၁၄၈)ချက်ဖြင့် စတုတ္ထ ရရှိသော သက်ဇော်ထွေး၊ရိုက်ချက်ပေါင်း(၁၄၈) ချက်ဖြင့် တတိယရရှိသော လင်းသဲတို့အား မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက လည်းကောင်း၊ ရိုက်ချက်ပေါင်း (၁၄၇) ချက်ဖြင့် ဒုတိယရရှိသော မြင့်ကိုနှင့် ရိုက်ချက်ပေါင်း (၁၄၂)ချက်ဖြင့် ပထမဆုအဖြစ် ရွှေဆွဲပြား ဆွတ်ခူးရရှိသွားသော မျိုးဝင်းအောင်တို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အောက်ဝဲပုံ)** က လည်းကောင်းဆုများကို ပေးအပ်ချီးမြှင့်ကြပြီး (IBTC) မှ Design And Development ဒါရိုက်တာဦးတင့်ဦးအား အမှတ်တရဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ ဒုတိယအထွေထွေမန်နေဂျာဦးခင်မောင်ရီကလက်ခံသည်။

ဆောင်ရွက်

အဆိုပါ ပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co.,Ltd.က ဖြစ်ပြီး(Co-Sponsors) များအဖြစ် Srixon, Alpine(Purified Drinking Water)၊ Dusit Inya Lake Resort Yangon တို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးကြကာ ပြိုင်ပွဲဖြစ်မြောက် အောင်နိုင်ရေးအတွက် Han Event Management ကတာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ နှစ်ပတ်လည်ကျင်းပ

ရန်ကုန် မတ် ၂၅

ပွင့်ဖြူချည်မျှင်နှင့်အထည် စက်ရုံ၏(၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို မတ်၁၈ရက်တွင် စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ရေးဦးစွာ မကွေးတိုင်း တိုင်းဝန်ဆောင် ဆရာတော်ဘဒ္ဒန္တဇောတိက အမှူးပြုသော သံဃာတော်ငါးပါးအား အရုဏ်ဆွမ်းများဆက်ကပ်၍ လှူဖွယ်ပစ္စည်းများလှူဒါန်းသည်။

ချီးမြှင့်

ထို့နောက် စက်ရုံမှူးဦးသန့်ဇင်ဆွေက အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း သင်တန်းထူးချွန်ဆုများ၊ လုပ်ငန်းထူးချွန်ဆုများ၊ ခွင့်ရက်မပျက်တို့တွင် ထူးချွန်သောဝန်ထမ်း ၁၀၉ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ယင်းနောက် ဝန်ထမ်းအိပ်ဆောင် ၁၁ဆောင်အတွက် ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက် ၁၁လုံးချီးမြှင့်ခြင်း၊ ဝန်ထမ်းများအား ၂၁လက်မရောင်စုံတီဗွီ၊ ဒီဗွီဒီစက်၊ စက်ဘီးများ၊ ထမင်းပေါင်းအိုးများနှင့်အခြား အသုံးအဆောင်ပစ္စည်းများအား ကံစမ်းမဲဖောက်၍ ချီးမြှင့်ခြင်းများ ဆောင်ရွက်သည်။ ဆက်လက်၍ ဝန်ထမ်းများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေး မွေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

SHINE CONSTRUCTION CO., LTD.

E - condominium

10% Discount

KMD Computer Centre Since 1986

i Office 2007, i Office, Desktop Publishing, Graphics Design,Excel in Business Application, Digital Media Special Effect, LCCI Computerised Accounting (MYOB)

ပြည်ပ
အားကစားသတင်း

မန်စီးတီးကခေါ်ယူမည့် ဘာစီလိုနာမှ ဆန်တို့စ်

လန်ဒန် မတ် ၂၅

ဒီနှစ် ပရီမီယာလိဂ်ဘောလုံးရာသီမှာ ထိပ်ဆုံးလေးသင်းစာရင်းဝင်အောင်ကြိုးစားသွားမယ်လို့ ကြွေးကြော်ထားတဲ့ မန်စီးတီးအသင်းနည်းပြ အဲရစ်ဆင်ဟာ အခုလက်ရှိပွဲစဉ်(၃၁) ကစားပြီးချိန်မှာ တန်းစီဇယား နဝမနေရာမှာ ရပ်တည်နေရတာမို့ ရည်မှန်းချက်ပြည့်အောင် အတော်လေး ကြိုးစား ရုန်းကန်ရဦးမှာဖြစ်ပါတယ်။

ထုတ်ပြန်

ဒီလို အခြေအနေမျိုးတွေကို လာမယ့်နှစ်မှာ မကြုံတွေ့နိုင်အောင် အခုကတည်းက ပြင်ဆင်နေတဲ့ အဲရစ်ဆင်ဟာ ဘာစီလိုနာအသင်းက လူငယ်တိုက်စစ်မှူး ဗို့စ်ဆန်တို့စ်ကို ခေါ်ယူမယ်လို့ မန်စီးတီးအသင်းက မတ် ၂၅ရက်မှာ တရားဝင်သတင်း ထုတ်ပြန်လိုက်ပါတယ်။

ဆွေးနွေး

မန်စီးတီးအသင်းရဲ့ အေးဂျင့်တွေက အခုအချိန်မှာ ဘာစီလိုနာကလပ်က တာဝန်ရှိသူတွေနဲ့ ဆွေးနွေးနေပြီဖြစ်တဲ့အပြင် ဆန်တို့စ်အေးဂျင့်နဲ့လည်း တွေ့ဆုံဆွေးနွေးနေပြီဖြစ်ပါတယ်။ မန်စီးတီးအသင်းက ရအောင်ခေါ်ယူဖို့ ကြိုးစားနေတဲ့ ဆန်တို့စ်ဟာ မက္ကဆီကိုနိုင်ငံသားဖြစ်ပြီး ၁၉၈၉ခုနှစ် မေ၁၁ရက်မှာ မွေးဖွားခဲ့သူဖြစ်လို့ အခုမှ အသက် ၁၈နှစ်သာရှိပါသေးတယ်။

ခြေစွမ်းပြ

အသက် ၁၈နှစ်အရွယ်သာရှိသေးပေမယ့် ဘာစီလိုနာအသင်းကြီးမှာ ခြေစွမ်းပြကစားနေတဲ့ လူငယ် တိုက်စစ်မှူးလေးလည်း ဖြစ်ပါတယ်။ ဆန်တို့စ်ဟာပြေးအားသန်တဲ့အပြင် ပါးပါးနပ်နပ် ကစားတတ်တဲ့ တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်ပါတယ်။

ပါဝင်ကစား

ဒါကြောင့်မို့ ဘာစီလိုနာလို ထိပ်တန်းအသင်းကြီးမှာ ဒီနှစ်အတွက် အချိန်ပြည့် ပါဝင်ကစားတဲ့ပွဲရော အချိန်ပိုင်း ပါဝင်ကစားတဲ့ပွဲပါ ဆိုရင် စုစုပေါင်း ၂၅ပွဲ ကစားပေးထားပြီး ဖြစ်တာမို့ ဘာစီလိုနာအသင်းမှာ တဖြည်းဖြည်း နေရာရလာတဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်ပါတယ်။

ကြိုးစား

ဆန်တို့စ်ရဲ့ အားသာချက်က တစ်ဖက်အသင်း ဂိုးဧရိယာအတွင်းမှာ ဂိုးသွင်းနိုင်ဖို့ အခွင့်အရေးရအောင် ယူတတ်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်အသင်း နောက်တန်းကို ရဲရဲဝံ့ဝံ့ ထိုးဖောက်ကစားနိုင်တဲ့ တိုက်စစ်မှူးဖြစ်တာကြောင့် မန်စီးတီးအသင်းက ရအောင်ခေါ်ယူဖို့ ကြိုးစားနေခြင်း ဖြစ်ပါတယ်။

ဘာစီလိုနာမှ လူငယ် တိုက်စစ်မှူး ဆန်တို့စ်။

ဆန်တို့စ်ဟာ ရော်နယ်ဒင်ဟိုလို ကစားဟန်ရှိတဲ့ ဘောလုံးသမားတစ်ဦးဖြစ်ပြီး တစ်ချိန်မှာ ကမ္ဘာကျော် တိုက်စစ်မှူးတစ်ဦး ဖြစ်လာမယ်လို့ ဘာစီလိုနာအသင်းက သုံးသပ်ထားပါတယ်။

ရောက်ရှိဖွယ်

ဒါကြောင့်မို့ မက္ကဆီကိုနဲ့ ဘာစီလိုနာ ဆယ်ကျော်သက်တိုက်စစ်မှူး ဆန်တို့စ်ဟာ လာမယ့်နှစ်မှာ မန်စီးတီးအသင်းကို ရောက်ရှိလာဖွယ် ရှိပါကြောင်း။ ။

မောင်မောင်မြင့်ဆွေ

အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆားဗီးယားအမျိုးသားနှင့် အမျိုးသမီးဖလားဆွတ်ခူး

ကယ်လီဖိုးနီးယား မတ် ၂၅

ကမ္ဘာ့အဆင့်(၃)ရှိ ဆားဗီးယား တင်းနစ်ကစားသမား ဒီဂျိုကိုဗစ်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ် အင်ဒီယန်းဝဲလ်၌ ကျင်းပသော ပစိဖိတ်လိုက်ဖ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်မှ မာဒီဖစ်ရှ်အား ၆-၂၊ ၅-၇၊၆-၃ဖြင့် နိုင်ပြီး ချန်ပီယံ ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူး

ယင်းဖလားသည် ဒီဂျိုကိုဗစ်၏ တင်းနစ်ကစားသမားဘဝတစ်လျှောက် ကိုးလုံးမြောက် ဆွတ်ခူးနိုင်ခဲ့သည့် ဖလားဖြစ်သည်။ ၎င်းသည် လွန်ခဲ့သော နှစ်လက ဩစတြေးလျဂရင်း ဆလမ်ဖလားကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီးပြိုင်ပွဲတွင် ဆားဗီးယား တင်းနစ်အားကစားမယ် အနာ အီဗာနိုဗစ်က ရုရှားတင်းနစ်မယ် ကွတ်ဇ်နက်ဆိုဗာအား အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းဖလားသည် အီဗာနိုဗစ် တင်းနစ်ကစားသမား သက်တမ်းတစ်လျှောက် ဆွတ်ခူးနိုင်ခဲ့သည့် ခြောက်လုံးမြောက် ဆုဖလားဖြစ်သည်။ (အင်တာနက်)

မန်ယူနောက်တန်းလူဖာဒီနန်အား အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ်ရွေးချယ်

လန်ဒန် မတ် ၂၅

မန်ချက်စတာယူနိုက်တက် နောက်တန်းကစားသမား ဖာဒီနန်အား မတ် ၂၆ ရက် **(ယနေ့)** တွင် ပါရီမြို့၌ ပြင်သစ်အသင်းနှင့် ချစ်ကြည်ရေးကစားမည့် ပြိုင်ပွဲအတွက် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်သည်။

မျှော်လင့်

မက်ကလာရင်လက်ထက်က အသင်းခေါင်းဆောင်ဖြစ်ခဲ့သော ချယ်လ်ဆီး နောက်တန်းလူ ဂျွန်တယ်ရီသည်လည်း အသင်းခေါင်းဆောင်ဖြစ်ရန် မှန်းထားခဲ့သည်။

ရွေးချယ်

ပြီးခဲ့သည့်ကမ္ဘာ့ဖလားပွဲတစ်လျှောက်လုံး ခြေစွမ်းပြကစားခဲ့သော အသက် ၂၉နှစ်ရှိ ဖာဒီနန်အား နည်းပြကာပယ်လိုက မမျှော်လင့်ဘဲ ရွေးချယ်လိုက်သည်။

ရီယိုဖာဒီနန်သည် ပါရီမြို့၌ ပြင်သစ်နှင့်ကစားမည့်ပွဲအတွက် အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင် ဖြစ်လိမ့်မည်ဖြစ်ကြောင်း ကာပယ်လိုက အတည်ပြုပြောကြားခဲ့သည်ကို အက်ဖ်အေ၏ ကြေညာချက်၌ ဖော်ပြသည်။

အတည်ပြု

ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် အမြဲတမ်းအသင်းခေါင်းဆောင်အဖြစ် မရွေးချယ်မီ ချစ်ကြည်ရေးပွဲများတွင် အသင်းခေါင်းဆောင်တာဝန်ကို ကစားသမားများထဲမှ အလှည့်ကျစနစ် ရွေးချယ်သွားမည်ဖြစ်ကြောင်း ကာပယ်လိုက အတည်ပြုပြောကြားသည်။ **(အင်တာနက်)**

အင်္ဂလန်အသင်း ခေါင်းဆောင်အဖြစ် တာဝန်ယူကစားမည့် မန်ယူ နောက်တန်းလူ ဖာဒီနန်။

မြင့်မောင်စိုး-စုစည်းသည်

ရန်ချောင်းမြို့ အထက(၁)တွင် ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)မတည်၍ လှူဒါန်းဆောက်လုပ်လျက်ရှိသော ရွှေပါရမီကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့နေ ဦးကိုကိုလေး၊ ဒေါ်နန်းသီတာ Three Friends ဆောက်လုပ်ရေး ကုမ္ပဏီမိသားစုက လှူဒါန်းငွေကျပ် ၅၄သိန်းကို ကျောင်းအကျိုးတော်ဆောင် ဦးညိုဝင်းထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

မိတ္ထီလာ မတ် ၈

မိတ္ထီလာခရိုင်အတွင်း ယာဉ်တိုက်မှု လျော့နည်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် မိတ္ထီလာမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန၊ (ခရိုင်ရုံး) မိတ္ထီလာမြို့တို့မှ မြို့ပေါ်ရှိ အထကကျောင်းများ၊ လိုင်းပေါင်းစုံမော်တော်ယာဉ်အသင်းနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် လိုက်လံဟောပြောရှင်းလင်းကြသည်။

မိတ္ထီလာ တက္ကသိုလ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၆ရက်က တက္ကသိုလ်ခန်းမတွင် ကျင်းပသည်။ ရှေးဦးစွာ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်မှူး ဒုတိယရဲမှူး ကြည်အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်းဟောပြောသည်။

ရှင်းလင်းပြသ

ထို့နောက် ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးဌာနစိတ် တာဝန်ခံ ဒုတိယရဲအုပ် သက်နိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လက်တွေ့ သရုပ်ပြ ရှင်းလင်းပြသသည်။

အကျယ်တဝင့်ပြောကြား

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်ဦးက လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်တိုက်မှုအကြောင်းကို ရှင်းလင်းပြောကြားသည်။ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်အောင်ဌေးက လုပ်ငန်းလိုင်စင် မှတ်ပုံတင်ခြင်းနှင့် ယာဉ်တိုက်မှု ဖြစ်စဉ်အကြောင်းကို လည်းကောင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်မြင့်က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းမလိုက်နာ၍ ယာဉ်တိုက်မှုဖြစ်ပွားပုံများအကြောင်းကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားကြသည်။ (၀၈၆)

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာသို့ အလှူရှင် ဦးထွန်းဝင်း-ဒေါ်ငွေဝင်း (စာစင်အလယ်ဝိုင်း)က ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဘဏ္ဍာရေးမှူး ဒေါက်တာမြင့်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၀၁၁)

မြို့ရေပေးဝေရေး လုပ်ငန်းများဆောင်ရွက်

ဘားအံ မတ် ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၆ရက်က ကရင်ပြည်နယ် ဘားအံမြို့ ဘားမဲ့တောင်ပေါ်ရှိ မြို့ရေပေးရေး ရေဂါလန် တစ်သိန်းဆံ့ အနည်ထိုင်ကန်နှစ်ကန်၊ ရေဂါလန် ၁ဒသမ၂သိန်းဆံ့ အနည်ထိုင် ကန်နှစ်ကန် အခြေအနေများကို စစ်ဆေးရာဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြသည်။ ညွှန်ကြားရေးမှူးချုပ်က အနည်ထိုင်ကန်များအား နှစ်စဉ်နုန်းများ ပုံမှန်ရှင်းလင်းရန်မှာကြားသည်။ ဘားအံမြို့ရေပေးရေးကို စက်ရေတွင်းနှင့် မြစ်ရေတင်စနစ်များနှင့် ဖြန့်ဝေပြီး နေ့စဉ် ရေဂါလန် ၇ ဒသမ ၃သိန်း ဖြန့်ဝေပေးလျက်ရှိပြီး မြို့လူဦးရေ ၃၆၀၀၀ခန့်အား အကျိုးပြုလျက်ရှိသည်။

ဆောင်ရွက်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မတ် ၁၇ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရေပေးရေးတွင် ရေအရင်းအမြစ်တစ်ခုဖြစ်သော ရွှေနတ်တောင်ဆည်မှာ ၁၂ လက်မ ပီဗွီစီပိုက် နှစ်လိုင်းဖြင့် ရေသွယ်ယူထားရှိမှု အခြေအနေ အာတီစီရေစုကန်မှ ရေတွန်းပန့်များ အခြေအနေ၊ ကန်သုံးဆင့်ရှိ ရေဂါလန် ငါးသိန်းဆံ့ ရေစုကန်တစ်ကန် ပြုပြင်ပြီးစီးမှုနှင့် ရေဖြန့်ဝေနိုင်မှု အခြေအနေများအား စစ်ဆေးရာ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။(အောက်ပုံ)

(မြို့နယ်စည်ပင်)

မီးသတ်ယာဉ်အတွက် စက်သုံးဆီလှူဒါန်း

မန္တလေး မတ် ၂၀

မန္တလေး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် အိမ်တော်ရာ မီးသတ်စခန်းအတွက် စက်သုံးဆီ ပေးအပ်လှူဒါန်းပွဲကို မတ် ၉ရက်က စခန်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးအေးကို၊ တပ်စုမှူး မြင့်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။ (အပေါ်ပုံ)

ထို့နောက် ဒီဇယ်တစ်ပီပါကို အောင်မြင်သူရောင်းဝယ်ရေးမှ ဦးစောငြိမ်း၊ ဦးလှမျိုးတို့ကလည်းကောင်း၊ ငါးဂါလန်ကို အလှူရှင်ရှစ်ဦးက လည်းကောင်း၊ လေးဂါလန်ကို အလှူရှင်တစ်ဦးနှင့် အင်ဂျင်ဝိုင်သုံးဂါလန်ခွဲကို အလှူရှင် မြမြင့်မို၊ သင်တန်း ဦးမြသွင်၊ ဒေါ်ကြည်တို့က ပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြောင်း သိရသည်။ (၀၉၀)

အမြို့မြို့ အနယ်နယ် သတင်းများ

ရှေးဦးသူနာပြု သင်တန်းဆင်းပွဲ ဟိုပင်၌ ကျင်းပ

ဟိုပင် ဖေဖော်ဝါရီ ၁၅

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကြက်ခြေနီ အသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ကြက်ခြေနီ ရှေးဦးသူနာပြု သင်တန်းအမှတ်စဉ် (၁/၂၀၀၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က ဟိုပင်မြို့ ကြက်ခြေနီသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ဟိုပင်မြို့အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းမှူးဦးဇော်အေးက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်း ပြောကြားသည်။ ဆုပေးပွဲကို ဆက်လက်ကျင်းပရာ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကို၊ ဟိုပင် ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်သိန်းဝင်းနှင့် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းတို့က ဆုများချီးမြှင့် ပေးကြပြီး သင်တန်းနည်းပြများအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများပေးအပ်ချီးမြှင့်ကြသည်။

လက်တွေ့ပြသ

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက ရှေးဦးသူနာပြုစုနည်းကို လက်တွေ့ပြသကြသည်။

(မြို့နယ် ပြန်/ဆက်)

မူဆယ်မြို့ မီးဘေးလုံခြုံရေးအတွက် မြို့ရေပေးရေးပိုက်လိုင်းများတွင် တပ်ဆင်ထားသော မီးသတ်ရေငုတ်များ ပြုပြင်ထိန်းသိမ်းမှုကို ဖေဖော်ဝါရီ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဝင်းညွှန့်တို့ ကွင်းဆင်း စစ်ဆေးရာ လက် ထောက် အင် ဂျင် နီ ယာ ဦးတင်မောင်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မူလတန်းကျောင်းအတွက် ငွေလှူဒါန်း

ကလေး ဖေဖော်ဝါရီ ၂၈

စစ်ကိုင်းတိုင်း ကလေးမြို့နယ် နတ်ကြီးကုန်း(ပျဉ်း) အုပ်စုမင်းလှ ကျေးရွာ အခြေခံပညာ တွဲဖက်မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလတ်နှင့် ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က အလှူငွေများ လက်ခံယူပြီး ကျေးရွာတာဝန်ခံ ဦးထွန်းအောင်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

ပညာအလင်းပြ စာကြည့်တိုက်ဖွင့်

ဂန့်ဂေါ မတ် ၂

ဂန့်ဂေါခရိုင် ဆောမြို့နယ် ရင်းကဲကျေးရွာတွင် ငွေကျပ် ၂၅သိန်းတန်ကိုယ့်အားကိုယ်ကိုး ပညာအလင်းပြစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ ရင်းကဲရွာမြောက်ကျောင်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလနှင့်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာသီဟတို့က အဆိုပါ စာကြည့်တိုက်အတွက် ငွေကျပ်သုံးသိန်းကျော်တန်ဖိုးရှိ စာအုပ်မျိုးစုံ ၁၀၃၅အုပ်ကို ပေးအပ်လှူဒါန်းကြသည်။ (၀၇၁)

မြောင်မြို့နယ် အခြေခံ ကွန်ပျူတာသင်တန်းဖွင့်

စစ်ကိုင်း ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းခရိုင် မြောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံ ကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (e-Library)ခန်းမ၌ ဖွင့်လှစ်သည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွှန့်ရွှေက သင်တန်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးသင်တန်းဖွင့်

ဘော်လခဲ ဖေဖော်ဝါရီ ၂၀

ဘော်လခဲမြို့ မွေးမြူရေးနှင့် ကုသရေးဌာနနှင့် Care Myanmar တို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထုအသိပညာမြှင့်တင်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ရှားမှု သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က ဘော်လခဲမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ပွင့်လင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျိုက်ထို ဖေဖော်ဝါရီ ၁၉

ကျိုက်ထိုမြို့နယ် လှည်းလမ်းကူး ကျေးရွာအုပ်စု ဘိုက္ကားကျေးရွာ ပွင့်လင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်နှင့် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါ စာကြည့်တိုက် ရှေ့တွင်ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးပိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူငွေနှင့် စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြသန်းက ငွေ ပဒေသာပင်စိုက်ထူရန် အလှူငွေကျပ်ငါးသောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် စာစောင် အုပ် ၅၀၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်းအောင်က စာအုပ်စာစောင် ၂၀၊ မြို့နယ်နှစ်ရှည်ပင် မန်နေဂျာ ဦးအေးချိုထွန်းက မဂ္ဂဇင်း အုပ် ၂၀၊ ဖိုလ်ကြီးတင်ဝင်းထွဋ်မိသားစုက စာအုပ်စာစောင် ၇၅ အုပ်၊ ကျေးရွာမှ ကျန်းမာရေးဆရာမ ဒေါ်အိအိခင်က သုတစာအုပ် ၁၅အုပ် ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးတိုင်း နတ်မောက်မြို့နယ် ဖျောက်ဆိပ်ပင်စာသင်တိုက်တွင် တယ်လီဖုန်းတပ်ဆင်ရန်အတွက် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနေ ဦးခိုင်ထွေး–ဒေါ်သင်းသင်းခိုင်၊ သမီး သဲရတနာထွေး၊ ဆုသီရိစံ (Asia Brave Trading Co., Ltd.) မိသားစုတို့က အလှူငွေကျပ်ကိုးသိန်းကို ဆရာတော် ဦးကောဝိဒထံ ဆက်ကပ်လှူဒါန်းသည်။ (အပေါ်ပုံ)

အဆိုပါ စာသင်တိုက်သို့ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း–၀၆၃–၆၉၂၄၀သို့ ဆက်သွယ်နိုင်သည်။ (က–ပ)

သွေးကောင်းသွေးသန့်ရရှိရေး အသိပညာပေးဟောပြော

ရေစကြို ဖေဖော်ဝါရီ ၂၇

ရေစကြိုမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကျင်းပသည့်(အိတ်ချ်အိုင်ဗွီ) ပိုးကင်းစင်သော သွေးကောင်း သွေးသန့်ရရှိရေး အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ရက်က ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ကျန်းမာရေး ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ ပခုက္ကူခရိုင် ခုခံအားကျနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာတင်မောင်ထွေးက(အိတ်ချ်အိုင်ဗွီ)ပိုးကင်းစင်သော သွေးကောင်းသွေးသန့်အကြောင်းကို ဆွေးနွေးဟောပြောကာ တက်ရောက်လာကြသူများက သိလိုသောအချက်အလက်များကို ပြန်လည်မေးမြန်း ဆွေးနွေးပြီး ရေစကြိုမြို့နယ် စေတနာရှင်သွေးလှူရှင်အသင်းအတွင်းရေးမှူး ဦးကျော်ကျော်ခိုင်က အသင်းနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၁) ကြိမ်မြောက် သွေးလှူဒါန်း

နေပြည်တော်တပ်ကုန်း မတ် ၁၅

နေပြည်တော် တပ်ကုန်း နောင်သင်္ဂါတံတားဦးရွာနေ ဦးစိုးလင်း **(အောက်ပုံ)** သည် တပ်မတော်နေ့ကို ဂုဏ်ပြုသော အားဖြင့် မတ် ၁၁ ရက်က မန္တလေးမြို့ အမျိုးသား သွေးလှူဘဏ်ခွဲ၌ (၆၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ ၂၃ရက်က (၁၂) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့ ရဲကျင့်ဝတ်စာမေးပွဲကျင်းပ

စဉ့်ကူး ဖေဖော်ဝါရီ ၂၀

စဉ့်ကူးမြို့နယ် ရဲတပ်ဖွဲ့၏ မြို့နယ်အဆင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို ဖေဖော်ဝါရီ ၁၇ရက်က စဉ့်ကူးမြို့ရွှေကူကြီးအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ရဲအရာရှိခြောက်ဦးနှင့် အခြားအဆင့် ၁၁၄ဦး စုစုပေါင်း ၁၂၀ ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ စာမေးပွဲ ဖြေဆိုရာသို့ မြို့နယ်ရဲကျင့်ဝတ်စာမေးပွဲ ကျင်းပရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဆန်နီ၊ အဖွဲ့ဝင် ဒုတိယမြို့နယ်မှူး ရဲအုပ်အိတ်ချ်ဖန်လာလ်၊ ရဲအုပ်နေထွန်း၊ ဌာနစိတ်တာဝန်ခံ ရဲတပ်ကြပ်ကြီး ကြည်ဦးနှင့် တပ်ကြပ်မြင့်ဌေးတို့က ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ပေးကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါမြို့နယ်၌ အလှူရှင်စက်ရေတွင်းဖွင့်

ဂန့်ဂေါ ဖေဖော်ဝါရီ ၂၀

ဂန့်ဂေါမြို့နယ် ထယ်လှော်ရွာ အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်ကကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝ၇၁)**

ညောင်တုန်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ညောင်တုန်း မတ် ၆

ညောင်တုန်းမြို့နယ် စက္ကာ့တောင်ကျေးရွာအုပ်စု ဘုတ်ဆုံချောင်း ကျေးရွာသမာစာရိတ္တ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်၊ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကိုကိုမောင်၊ စက္ကော့တောင်ကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဘုတ်ဆုံချောင်းကျေးရွာသမာစာရိတ္တကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် အလှူငွေများ ထည့်ဝင်ကြရာ စုစုပေါင်းအလှူငွေကျပ် တစ်သိန်းနှစ်သောင်းငါးထောင်နှင့် သုတရသစာအုပ်များ လာရောက်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်အတွက် အမှတ် (၅) လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မတ် ၃ ရက်က အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၁၇ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးတို့ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များနှင့် စည်ပင်ဝန်ထမ်းများ ပူးပေါင်းပြီး မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ကြစဉ်။ (ဝ၂၀)

သိန်း ၃၀ လှူဒါန်း

မုတ္တမမြို့ မဟာစည်သာသနာ့ရိပ်သာ၌ ဆောက်လုပ်ဆဲ မဟာစည် ဓမ္မဗိမာန်တော်ကျောင်းအလှူ မတည်အလှူရှင်အဖြစ် ဦးငွေစိုး-ဒေါ်တင်ငွေ မိသားစု ရေးစုရပ် မုတ္တမမြို့က ငွေကျပ် သိန်း၃၀ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

နောင်ချို မတ် ၂၀

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်အလိုက် ချုံနွယ်အမှိုက်များ ရှင်းလင်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ခြင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းခြင်းများကို မတ် ၁၅ ရက်က အဖွဲ့ဝင်ထမ်းများနှင့် ရပ်ကွက်နေ ပြည်သူများ စုပေါင်းဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့ လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မကွေးတိုင်း မကွေးမြို့နယ်တည်ပင်ကန်ပေါက်ကျေးရွာ မီးဘေး ဒုက္ခသည်များအား ရန်ကုန်မြို့ ကျောက်ရေတွင်း သာသနာ့ အောင်မြေကျောင်း စာသင်တိုက်နာယက ဆရာတော် ဘဒ္ဒန္တဇယဝံသ ဆရာတော်အား အမှူးထား၍ ဦးညွန့်ဝေ-ဒေါ်မြကြည် မိသားစု ရန်ကုန်က ငွေကျပ် တစ်သောင်း၊ ဆရာမ ဒေါ်နွယ်နွယ်အောင် ဘုရင့်နောင်လမ်း မရမ်းကုန်း ရန်ကုန်က ငွေကျပ်ငါးထောင်၊ ဒေါ်အုန်းမြင့် ရွှေလှိုင်လမ်း ကြည့်မြင်တိုင် ရန်ကုန်က ငွေကျပ်ငါးထောင်၊ ဦးသန်းဇော်-ဒေါ်အေးအေးဆင့် ရန်ကုန်က ငွေကျပ်သုံးထောင်၊ ဒေါ်ခင်အိ၊ ဒေါ်အမာ၊ ဒေါ်တင်တင်ယုံ အမှတ် ၇၅ ဏ္ဍာသယလမ်း ကျောက်မြောင်းက ငွေကျပ်သုံးထောင်၊ ဦးအောင်ကြည်-ဒေါ်စန်းစန်းဝင်း ရန်ကုန်က ငွေကျပ်နှစ်ထောင်အသီးသီး ထောက်ပံ့လှူဒါန်းရာ ကျေးရွာသားများက လက်ခံယူစဉ်။ (က-ပ)

သာမဏေကျော် ဆုနှင်းသဘင် မော်ကျွန်း၌ကျင်းပ

မော်လမြိုင်ကျွန်း မတ် ၃

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိ သာသနာ့လင်္ကာရအသင်းက ကြီးမှူးကျင်းပသော (၁၈)ကြိမ်မြောက် သာမဏေကျော် ဆုနှင်းသဘင်နှင့် ထာဝရငွေပဒေသာပင် စိုက်ထူပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၄ရက် မွန်းတည့် ၁၂နာရီက ပစ္ဆိမာရုံ စာသင်တိုက်၌ ကျင်းပသည်။

ကြည်ညိုပူဇော်

အခမ်းအနားတွင် ပစ္ဆိမာရုံစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တစိန္တိတာလင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် မြို့နယ်သံဃနာယက ဆရာတော်များ၊ စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး မြောင်းမြခရိုင်ဥက္ကဋ္ဌ ဦးအေးဟန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်းရှိ အလှူရှင်များ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

လက်ခံယူ

ထို့နောက် တတိယအဆင့် ၁၄ပါး၊ ဒုတိယအဆင့် ၅၂ပါးနှင့် ပထမအဆင့် ၆၆ပါးတို့အား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး ထာဝရငွေပဒေသာပင် စိုက်ထူပွဲတွင် ရန်ကုန်တိုင်း တာမွေမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး သိန်းလွင်(ငြိမ်း)၊ ဆရာမဒေါ်တင်အေး(ငြိမ်း)တို့က အလှူငွေကျပ် ၅၅၅၅၅၅ကျပ်၊ ရန်ကုန်မြို့နေ ဦးကျင်မောင်-ဒေါ်စန်းလှ မိသားစုက အလှူငွေ ကျပ်ငါးသိန်း၊ ရန်ကုန်မြို့နေ ဗိုလ်မှူးအောင်သန်း(ငြိမ်း)-ဒေါ်မြမြဝင်း မိသားစုက အလှူငွေကျပ် သုံးသိန်း၊ မော်လမြိုင်ကျွန်းမြို့နေ ဦးသိန်းဇော်-ဒေါ်သန်းသန်းမြင့်မိသားစုက အလှူငွေကျပ်နှစ်သိန်း၊ မြောင်းမြခရိုင်ဥက္ကဋ္ဌ ဦးအေးဟန်-ဒေါ်ခင်စန်းမိသားစုက အလှူငွေ ကျပ်တစ်သိန်း အပါအဝင် အလှူရှင် ၄၀တို့က အလှူငွေကျပ် ၁၄သိန်းကျော်အား ပေးအပ်လှူဒါန်းရာ မြောင်းမြခရိုင်ဥက္ကဋ္ဌ ဦးအေးဟန်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်တို့က လက်ခံယူကြသည်။ **(၁၄၂)**

နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့်အဖွဲ့ ဇန်နဝါရီ ၂၅ရက်က နမ့်ခမ်းမြို့ မြို့အဝင်ဆိုင်းဘုတ်အနီး၌ ဝန်ထမ်းများ မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုအား ကြပ်မတ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

မင်းဘူး မတ် ၅

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ၁/၂၀၀၈နှင့် အခမ်းအနားမှူးသင်တန်း ၁/၂၀၀၈ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၇ရက်က မင်းဘူး(စကု)မြို့နယ် သမထီးကျေးရွာ ပဋ္ဌမရွှေကျမ်းတိုက်ဘုန်းတော်ကြီးကျောင်း ဓမ္မရုံသိမ္မာရုံ၌ ကျင်းပရာ ပဋ္ဌမရွှေကျမ်းတိုက်ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တခေမာစာရက ဩဝါဒကထာ မြွက်ကြားတော်မူ၍ မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသည်။

သင်တန်းသို့ ကျေးရွာအုပ်စု ၃၈ အုပ်စုမှ သင်တန်းသား၆၆ဦး တက်ရောက်ကြသည်။ **(ဝ၇၁)**

စွမ်းအားသစ်စာကြည့်တိုက် စဥ့်ကိုင်၌ဖွင့်

စဥ့်ကိုင် ဖေဖော်ဝါရီ ၂၈

စဥ့်ကိုင်မြို့နယ် ကသဲစုကျေးရွာ စွမ်းအားသစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ရေဒီယို၊ ငွေပဒေသာပင်၊ စာအုပ်စာစောင်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၈ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစန်းမောင်၊ ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေ၊ ကျေးရွာဥက္ကဋ္ဌ ဦးတိုးတိုးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ရေဒီယို၊ ငွေပဒေသာပင်၊ စာအုပ်စာစောင် လှူဒါန်းပွဲကျင်းပရာ ရွာဦးကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိန္ဒက အလှူငွေကျပ် တစ်သောင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးဖိုးတိုးက ရေဒီယိုတစ်လုံးနှင့် အလှူငွေကျပ်ငါးထောင်၊ မသူဇာမြင့် မိသားစုက ဒို့ကျေးရွာဂျာနယ်တစ်နှစ်စာ အလှူငွေကျပ် ငါးထောင်၊ ဦးအောင်ခင်-ဒေါ်သန်းသန်းစိန် မိသားစုက အလှူငွေကျပ်တစ်သောင်း၊ ဦးငွေစိုး-ဒေါ်သန်းသန်းစိတ် မိသားစု မန္တလေးမြို့က သုတ၊ ရသစာအုပ် ၁၆၀နှင့်ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မီးသတ်တပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ကျေးရွာအလှူရှင်များ စုပေါင်း၍ အလှူငွေကျပ်လေးသောင်းကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ မြို့နယ် ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌတို့က လက်ခံယူကြပြီး ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် စာပေဟောပြောပွဲကို ရွာဦးကျောင်းဓမ္မာရုံ၌ ဆက်လက်ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

ကလောစည်ပင် မြို့ပတ်လမ်းပြုပြင်

ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကလောမြို့ အနောက်မြို့ပတ်လမ်းတွင် လမ်းပေါက်ဖာခြင်း လုပ်ငန်းကို အဖွဲ့ပိုင်လမ်းပေါက်ဖာစက်ဖြင့် ဇန်နဝါရီ ၂၂ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သိန်းသိန်းတင့် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

လင်းခေးခရိုင် ပြန်/ဆက် လုပ်ငန်း ညှိနှိုင်း

လင်းခေး မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး/သံခန်းမ၌ မတ် ၂ရက်က ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်၊ မြို့နယ် ဦးစီးမှူးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က တက်ရောက် အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်လက်ထောက်ညွှန် ကြားရေးမှူး ဒေါ်မေမေနီက ခရိုင်မြို့နယ်ဦးစီးမှူးများအား ၂၀၀၇-၂၀၀၈ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးပြီး ဆက်လက်၍ ၂၀၀၈-၂၀၀၉ခုနှစ်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ တာဝန်ပေးအပ်သည်။ ထို့နောက် ခရိုင်၊ မြို့နယ် ဦးစီးမှူးများက မိမိတို့ မြို့နယ် အလိုက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြကြပြီး ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူးနှင့် ခရိုင်ဥက္ကဋ္ဌတို့က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ရှင်းလင်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

ဆက်လက်၍ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်ဥက္ကဋ္ဌတို့သည် လင်းခေးမြို့နယ် ဒါးဆိပ်စံပြကျေးရွာရှိ သုတပန်းခင်း စာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီးနောက် အဆိုပါ စာကြည့်တိုက်အတွက် ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က ရေဒီယိုကက်ဆက် တစ်လုံးနှင့် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီနှင့် လင်းခေးမြို့နယ် ဥက္ကဋ္ဌ ဦးတင်စိုးတို့က သုတ၊ ရသစာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ညွန့်နှင့် စာကြည့်တိုက်မှူးတို့က အသီးသီး လက်ခံရယူခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

မီးသတ်ပြို

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီးများ ညောင်တုန်းမြို့ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၅

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတ် ၂၁ ရက်တွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့သို့ ရောက်ရှိကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပန်းလှိုင်မြစ်အကောက်စခန်း၌ ညောင်တုန်းမြို့ မြစ်ကမ်းထိန်းသိမ်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်တင်တို့က ညောင်တုန်းမြို့ မြေသားတာများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် ကျောက်စီတမံများ၊ ကမ်းထိန်းနံရံများ တည်ဆောက်ထားမှု အခြေအနေတို့နှင့်စပ်လျဉ်း၍

စာမျက်နှာ ၃ ကော်လံ ၂ ✻

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ညောင်တုန်းမြို့၌ ကမ်းထိန်းကျောက်စီနံရံ ပြုလုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

မြန်မာ့အလင်း (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

❒ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသောပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

စာ-၇

အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်

❒ တပ်မတော်သည် တစည်းတလုံးတည်း၊ တညီတညွတ်ရှိသော အင်အားစုကြီးဖြစ်သည့်အတိုင်း မြန်မာတို့အတွက် လွတ်လပ်ရေးကို တိုက်ယူပေးခဲ့သည်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ ပြည်သူတို့လိုလားသော ပြည်တွင်းငြိမ်းချမ်းရေးကိုရအောင် ဆောင်ကြဉ်းပေးခဲ့သည်။ ပြည်သူတို့လွတ်လပ်ရေး အရသာ အပြည့်အဝခံစားစေနိုင်မည့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ပေးခဲ့သည်။

ခိုင်မျိုးစစ်၏ ဆောင်းပါး (စာ- ၈၊ ၉)

❒ နွေအလင်္ကာ

ကေတုနီလာ၏ ကဗျာ (စာ-၉)

❒ တပ်နှင့်ပြည်သူ လက်တွဲကူ ဘယ်သူ ရန်မူဝံ့မည်နည်း

ရဲမင်းထက်၏ ကာတွန်း (စာ-၉)